မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ သောကြာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၅၈)

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆



မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒုတိယသမ္မတ(၁)၏ဇနီး ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် *စာမျက်နှာ ၃ ကော်လံ ၁ ○*

ဆုပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ ပညာရေးကဏ္ဍဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရ စာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရ
စာရင်းများ ထုတ်ပြန်မည်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည် ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ်ဝင်ခွင့်ရသူများ စာရင်းကြေညာထားမည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ်ဝင်ခွင့်ရသူများ စာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည် ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

ယနေ့ ၈ တိ ၈ ရာ

စိန်ခေါ်မှုလိုင်းတံပိုးများကို အောင်မြင်စွာကျော်လွှားရင်း အမျိုးသားအောင်ပွဲနေ့ကို ဖြတ်သန်းကြပါမည် *ဆောင်းပါး ◆ စာ ◆ ၆*

ပြင်ဦးလွင်ကော်ဖီစိမ်ကိန်း လုပ်ငန်းရှင်များအနေဖြင့် ကော်ဖီပင်များ ဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းမရှိပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့် ရုပ်သိမ်းသွားမည် *ပြည်တွင်းသတင်း ◆ စာ ◆ ၈*

ခရိုင် ခုနစ်ခရိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စံပြဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်သမ္မတ၏ "နေပြည်တော်ကောင်စီနယ်မြေ ခရိုင် လေးခရိုင်အပါအဝင် မိတ္ထီလာ၊ ရမည်းသင်း၊ တောင်ငူ ခရိုင် ခုနစ်ခရိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စံပြဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်" လမ်းညွှန်မှာကြားချက်အပေါ် ခရိုင်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်ထည်အဖော်နေမှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အစီအမံများကို ယနေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး ကွင်းဆင်းစစ်ဆေးသည်။ *စာမျက်နှာ ၄ ကော်လံ ၁ ❑*



၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှု အရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြဦး ကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ခေါ်အေးအေးမိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးနေမျိုး ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၅၆၅	၃၇၂၀	၃၆၇၀	၃၅၈၀	၃၇၂၅	၃၇၄၀	၃၇၇၅	၃၆၅၀	၄၀၂၀	၄၀၅၀	၃၆၇၀	၃၈၀၀	၃၇၆၅	၃၇၂၀	၃၇၃၀	၃၉၆၀
95 Ron	၃၆၈၀	၃၇၃၅	၃၇၄၅	၃၆၆၅	၃၈၀၀	၃၈၀၅	၃၈၅၀	၃၇၂၅	၄၀၃၅	၄၀၂၅	၃၇၅၀	၃၈၈၀	၃၈၄၀	၃၇၃၅	၃၈၀၅	၄၀၃၅
HSD (500 ppm)	၃၉၂၀	၄၀၆၅	၄၀၂၀	၃၉၃၅	၄၀၅၀	၄၀၈၅	၄၁၀၅	၄၀၀၀	-	၄၃၈၀	၄၀၂၀	၄၆၂၀	၄၁၀၅	၄၀၆၅	၄၀၇၅	၄၂၂၅
HSD (50 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၄၅	၄၈၃၅	၅၂၀၀	၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၄၅	၄၉၀၅	၄၉၃၅	၅၀၄၅
HSD (10 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၄၅	၄၈၃၅		၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၄၅	၄၉၀၅	၄၉၃၅	၅၀၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၃၇၃	၃၄၇၄
95 Ron	၃၄၄၆	၃၅၄၈
HSD (500 ppm)	၃၇၂၇	၃၈၃၁
HSD (50 ppm)	၄၅၁၇	၄၆၃၇
HSD (10 ppm)	၄၅၁၇	၄၆၃၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	-	ကျော်သူဝင်း၊ တင်မောင်လွင်
စာတည်းမှူး	-	ခင်ရတနာ			ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	-	ကျော်ဇေယျာဖြင့်၊ နေစာဇာထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုမိုအေးနှင့် ခွန်ဃနိတ္တိအဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့	စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၄၁၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၁၊ စီမံ ၀၁-၅၄၄၃၃၅၊ ဒွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၊ Fax ၀၁-၈၆၀၄၅၄၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

မြန်မာ့အလင်း

ပြည်သူ့စစ်မှုထမ်း အကြောင်းပြု၍ ဥပဒေချိုးဖောက်မှုများ တိုင်ကြား

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကို အကြောင်းပြကာ ခရီးသွားပြည်သူများကို အတင်းအဓမ္မ ငြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန်ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ငွေကြေးဖြင့် လူစားထိုးဆင့်ခေါ်ခြင်းနှင့် ရပ်ကွက်၊ ကျေးရွာများတွင် တရားမဝင် ငွေကြေးကောက်ခံခြင်းများ လျော့နည်းပျောက်စေရန် ဖော်ထုတ်အရေးယူမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ထားသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များသည် စည်းကမ်းမဲ့စွာ ကြုံရာကျပန်းပြုလုပ်နေသည့်လုပ်ငန်းများမဟုတ်ဘဲ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ ဆင့်ခေါ်ရေးအဖွဲ့အဆင့်ဆင့်တို့က စနစ်တကျကြုတ်မတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့ရာတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအတွင်း အချို့သော မြို့ရွာဒေသများ၌ မသမာသူများက တာဝန်ရှိသူများအဖြစ် အယောင်ဆောင်ကာ အဓမ္မဖမ်းဆီး၍ ငွေကြေးရယူခြင်း၊ ပြည်သူ့စစ်မှုထမ်း စာရင်းသွင်း ဝင်ရောက်စေခြင်း၊ ပြည်သူ့စစ်မှုထမ်းအကြောင်းပြချက်ဖြင့် လူပြန်ပေးဆွဲသကဲ့သို့ ပြုလုပ်၍ ငွေကြေး တနင့်တပိုး တောင်းခံခြင်းတို့ ကျူးလွန်မှုများ ရှိနေကြောင်း သတင်းများ ပုံ့နှံလျက်ရှိသည်။

ထို့အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအချို့ကလည်း စစ်မှုထမ်း သွားရောက်မည့်သူများကို ထောက်ပံ့ပေးရန် အကြောင်းပြ၍ လစဉ် ငွေကြေးကောက်ခံခြင်း၊ စစ်မှုထမ်းဆောင်ရန် ရှောင်တိမ်းသူများအစား အခကြေးငွေဖြင့် လူစားထိုးဆောင်ရွက်စေရန် တရားမဝင် ငွေကြေးကောက်ခံခြင်းများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ယင်းကဲ့သို့ ဥပဒေမဲ့ ကျူးလွန်ပြုလုပ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနက စိစစ်ဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးတောင်းခံမှုတရား၁မ်များ၊ အဓမ္မဆင့်ခေါ်မှုတရား၁မ်များ စုစုပေါင်း ၁၉၉ ဦးတို့ကို အရေးယူထားကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ တိုင်ကြားလာသည့် ငွေကြေးဆိုင်ရာ အမှု ၁၈၂ မှုတွင် အရေးယူပြီးစီးမှု ၉၁ မှု၊ စီစစ်ဆဲ ၅၆ မှု၊ မမှန်မကန်တိုင်ကြားမှု ၃၅၅ ရှိပြီး အဓမ္မဆင့်ခေါ်မှုဆိုင်ရာ အမှု ၄၃ မှုတွင် အရေးယူပြီးစီးမှု ၁၇ မှု၊ စီစစ်ဆဲ ၁၄ မှု၊ မမှန်မကန် တိုင်ကြားမှု ၁၂မှု ရှိကြောင်းနှင့် ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူထားပြီး ဖြစ်သည်ဟု ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ အသိပေးထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတော် ကာကွယ်ရေးစွမ်းပကား မြင့်မားရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်း၌ပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး ဥပဒေအရ အကျုံးဝင်သူ အမျိုးသားများကို ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်လျက်ရှိရာ အချို့သော ပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ကို ရှောင်လွဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ထွက်ခွာခြင်း၊ အခကြေးငွေဖြင့် လူအစားထိုးခြင်းများ ပြုလုပ်လျက်ရှိသည်။ ထိုကဲ့သို့ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းသူများအား ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များက စောင့်ကြည့် ဆင့်ခေါ်ခြင်း ပြုလုပ်လျက်ရှိရာ အချို့မြို့ရွာများတွင် မသမာသူများကပါ တာဝန်ရှိသူများအဖြစ် အယောင်ဆောင်ပြီး ဥပဒေမဲ့ကျူးလွန်လာကြခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်) ဖုန်း-၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၂၊ ၀၆၇-၃၄၀၄၉၃၃၁၊ ၀၆၇-၃၄၀၄၉၄၄၅၊ ၀၆၇-၃၄၀၄၉၅၅၅ နှင့် မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁ တို့အပါအဝင် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ ဖုန်းနံပါတ်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားရာ သတင်းပေးတိုင်ကြားနိုင်ကြသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးပို့မှ တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရန် လိုသည်။ မိမိတို့၏ နယ်မြေအတွင်း မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအတွင်း မသမာသူများဝင်ရောက်၍ အခွင့်အရေးယူမှု၊ ဥပဒေချိုးဖောက်မှုတို့ မပြုနိုင်ကြစေရန်၊ အများပြည်သူ စိုးရိမ်ထိတ်လန့်မှု မဖြစ်ပွားစေရန်တို့ကိုလည်း အထူးဂရုပြု ဆောင်ရွက်ကြရမည် ဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း အထက်တွင်ဖော်ပြခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားပါက သတင်းပေးတိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များသို့ မှန်မှန်ကန်ကန် သတင်းပေးတိုင်ကြားကြရပါမည့်အကြောင်း။ ။



ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ (၅) နှစ်အောက်ကလေးငယ်များအား အဓိလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးစဉ်။



ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။



ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ (၁) ၏ ဇနီး ဒေါ်စမ်းစမ်းအေး လူမှုရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုများအတွက် ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ (၂) ဒေါ်နန်းနီနီအေး စီးပွားရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုအတွက် ပထမဆုရရှိသည့် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

❍ ရှေ့ဖုံးမှ

ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖိုးဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး မိခင်နှင့်ကလေးများသည် အရေးပါသည့် အစိတ်အပိုင်းများဖြစ်ပါကြောင်း၊ မိခင်သေဆုံးနှုန်း၊ မွေးကင်းစကလေးများသေဆုံးနှုန်း၊ အသက်တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေဆုံးနှုန်းသည် နိုင်ငံတော်၏ ကျန်းမာရေးအခြေအနေကို တိုင်းတာရာတွင် အဓိကကျသည့် အညွှန်းကိန်းများ ဖြစ်ပါကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို လျော့ချနိုင်ခြင်းသည် မိသားစုတစ်ခုချင်းစီ၏ ဘဝကိုသာမက နိုင်ငံတစ်နိုင်ငံလုံး၏ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် မျှော်မှန်းလူသက်တမ်း တိုးမြင့်လာရေးတို့ကို အကျိုးပြုစေမည်ဖြစ်ပါကြောင်း။

အလေးထားဆောင်ရွက်လျက်ရှိ

ထို့ကြောင့် မိခင်နှင့်ကလေးကျန်းမာရေးကို မြှင့်တင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာသက်ရှည်စွာနေထိုင်နိုင်ရေးတို့ကို နိုင်ငံတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ထိုလုပ်ငန်းစဉ်များ အောင်မြင်ရန် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း၏ ကြိုးပမ်းမှုဖြင့် မလုံလောက်ပါကြောင်း၊ မိသားစု၊ ရပ်ရွာလူထု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ကြရန်လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အခန်းကဏ္ဍသည်အလွန်အရေးကြီးပါကြောင်း။

အသင်း၀င်များအနေဖြင့် ကျေးလက်ဒေသနှင့် အခြေခံကျန်းမာရေး၀န်ဆောင်မှု လိုအပ်နေသော လူမှုအသိုက်အဝန်းများအတွင်း ရပ်ရွာပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ၍ ကျန်းမာရေး အသိပညာများဖြန့်၀ေပေးနေပြီး ပြည်သူလူထု၏ ယုံကြည်မှုရရှိအောင် ဆောင်ရွက်ပေးနေသည့်အတွက် အထူးအသိအမှတ်ပြုလိုပါကြောင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကျန်းမာရေး၀န်ကြီးဌာန၊ သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးနှင့် အတူ လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ကဏ္ဍအလိုက် ထူးချွန်ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေး စသည့်ကဏ္ဍကြီး (၄)ရပ် လှုပ်ရှားဆောင်ရွက်မှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာ ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှက ပညာရေးကဏ္ဍ ဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးက လူမှုရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုများအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေးက စီးပွားရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုအတွက် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ကျန်းမာရေးကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆု ရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က လှုပ်ရှားမှုထူးချွန် နှစ်သိမ့်ဆုရရှိသည့် ကယား ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါက်တာကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုသည်။

လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါက်တာ ကြူကြူလှသည် ကိုယ်ဝန်ဆောင် မိခင်များကို အာဟာရဖြစ်စေမည့် အစားအစာများထောက်ပံ့ပေးပြီး (၅) နှစ်အောက် ကလေးငယ်များအား အဓိပ္ပါယ်ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက် ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်း ပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၃၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၅ ခုနှစ် နှစ်ချုပ် အစီရင်ခံစာကိုလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၅-၂၀၂၆ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၆-၂၀၂၇ ရသုံးမှန်းခြေစာရင်းကိုလည်းကောင်း ဖတ်ကြား တင်သွင်းကြသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၅ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး သဘာပတိများက နှစ်ချုပ် အစီရင်ခံစာအပေါ် သုံးသပ်အကြံပြု ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ၏ဇနီး ဒေါက်တာကြူကြူလှနှင့် အဖွဲ့ဝင်များ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပို)**

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် အလုပ်အဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့် ပတ်သက်၍ "စည်းကမ်းတကျ ဆင့်ခေါ်မှုကို အလေးထားရန်" လမ်းညွှန်ထားရှိမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထား လိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုပါကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးအတွက် အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတိုင်းဒေသကြီး/ ပြည်နယ် အလိုက် နယ်မြေများအတွင်း အဓမ္မ ဆင့်ခေါ်မှုနှင့် ငွေကြေးတောင်းခံမှုများ မရှိစေရေး စနစ်တကျ စီမံချက်ချ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြစ်မှုကျူးလွန်သူ တချို့ကြောင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်၏ ပုံရိပ်ကို ထိခိုက်မှု မရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့အနေဖြင့်လည်း ဗဟိုအဖွဲ့သို့ တင်ပြလာသည့် တိုင်ကြားစာများအား စနစ်တကျစီစစ်၍ အရေးယူစေလျက် ရှိပါကြောင်း၊ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့်လည်း ပေါင်းစပ်၍ ဥပဒေဆောင်ရွက်ချက်များကို ထိထိရောက်ရောက် အရေးယူလျက်ရှိပါကြောင်း။

ယနေ့အထိ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇) (၇/၂၀၂၆)ထိ သင်တန်းဆင်းခဲ့ပြီး လက်ရှိတွင်လည်း သင်တန်း(၃)ပတ်စဉ် ဖွင့်လှစ်တက်ရောက် လျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့များအနေ ဖြင့် အင်အားအချက်အလက်အမှန်ရရှိရေး မိမိနယ်မြေအတွင်း အကျုံးဝင်သူအင်အား စာရင်းကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ပေါင်းစပ်၍ စာရင်းပြုစု မှတ်ပုံတင်ထားရန် လိုအပ် မည်ဖြစ်ပါကြောင်း၊ ထိုသို့ မှတ်ပုံတင်ထား သူများကို အလှည့်ကျစနစ်ဖြင့် ဆင့်ခေါ် နိုင်ရေး စီမံထားရှိရမည်ဖြစ်ပါကြောင်း။

လူမှုကွန်ရက်များပေါ်တွင် တပ်မတော် အရာရှိ အယောင်ဆောင်ပြီး ငွေကြေး လိမ်လည်တောင်းခံနေသူများကို ဖော်ထုတ် အရေးယူခဲ့ပါကြောင်း၊ ဆက်လက်၍ လည်း စီစစ်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင် ခြင်းမှ ကင်းလွတ်ခွင့်၊ လျှောပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့် ရရှိသူများကိုလည်း တပ်/ သင်တန်းကျောင်းများမှ ပြန်လည် စေလွှတ်ပေးသည့်အခါ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများသို့သာ လုပ်ထုံး လုပ်နည်းနှင့်အညီ စနစ်တကျ လွှဲပြောင်း/ လက်ခံပြုလုပ်၍ စေလွှတ်ပေးလျက်ရှိပါ ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီသို့ လွှဲပြောင်း/ လက်ခံ ပြုလုပ်ပေးခြင်းမျိုး မရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ များနှင့် အလုပ်အဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ဆွေးနွေးရာ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ဦးစွာ တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ အုပ်စု ကြံတောကျေးရွာသို့ သွားရောက်၍ သမဝါယမ ဦးစီးဌာန၏ သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်း ဆောင်ရွက်သည့် စနစ်ကသော စိုက်ပျိုးရေးစနစ် (CBF) စီမံကိန်း (Pilot Project) အဖြစ် ဆောင်ရွက်သည့် မှော်ဘီ-၂ မျိုးစပါး ဧက ၁၀၀ ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများအား



တွေ့ဆုံကာ မျိုးကောင်းမျိုးသန့်များ တိုးချဲ့ထုတ်လုပ်၍ သမဝါယမအသင်းအချင်းချင်း ပံ့ပိုးပေးနိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် တောင်ငူခရိုင်အတွင်းမှ နိုင်ငံတော် ထောက်ပံ့ငွေ၊ လူမှုစီးပွားရေးမြှင့်တင်ရေး (သက်တန့်ရောင်) စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက် မည့် သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးလျက်ရှိသည့် စီမံကိန်းများ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီး၍ မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး အသင်းမှ မွေးမြူထားသော ငါးကန်များနှင့် ဘဲများအား ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အုတ်တွင်းမြို့နယ်အတွင်းရှိ စိုက်ပျိုး မွေးမြူထုတ်လုပ်ရေး သမဝါယမအသင်းများမှ အသင်းသားတောင်သူများ၊ ဖြူးမြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်း ငါးသင်းမှ အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ထပ်မံတိုးချဲ့ ဆောင်ရွက်မည့် အစီအမံများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ စနစ်ကသော သမဝါယမစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများဖြစ်စေရေး ကြိုးပမ်းဆောင် ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည် များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် လုပ်ငန်းအရွယ်အစားနှင့် အမျိုးအစားအလိုက် အသိအမှတ်ပြုပေးသည့် MSME မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် အရေးပါသော အခန်းကဏ္ဍက ပါဝင်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် လုပ်ငန်းအရွယ်အစားနှင့် အမျိုးအစားအလိုက် အသိအမှတ်ပြုပေးသည့် MSME မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် အရေးပါသော အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့ ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် MSME လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် မူဝါဒများကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အထောက်အကူပြု အဖွဲ့ (၃) ဖွဲ့တို့အကြား



ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းစေရေး ညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတစ်နံတစ်လျားတွင် ပြန့်ကျဲနေသည့် စီးပွားရေးလုပ်ငန်း မြောက်မြားစွာ ရှိနေနိုင်သော သဖြင့် ကျန်ရှိနေသည့် MSME များကိုလည်း ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ MSME များဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများကို ပြည်တွင်းရှိ MSME များအနေဖြင့် တစ်ပြေးညီ ခံစားခွင့်ရရှိကြမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များ၏ အရည်အသွေးမြှင့်တင်ရေး၊ စျေးကွက်ချဲ့ထွင်ရေးနှင့် ခေတ်နှင့်အညီ Digital စီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက်လည်း E-market Place for Myanmar Products Platform ကို ထိရောက်စွာ အသုံးချနိုင်ရေးနှင့် MSME လုပ်ငန်းရှင်များ ပိုမိုအဆင်ပြေချောမွေ့စွာ ပါဝင်အသုံးပြုနိုင်ရေးတို့အတွက် အဆင့်မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် MSME လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ MSME Agency ဥက္ကဋ္ဌများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ဖလမ်း နိုဝင်ဘာ ၂၆

ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်၌ အကြမ်းဖက် ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် သူနာပြုသင်တန်းကျောင်း ဘွဲ့နှင်းသဘင်ခန်းမဆောင်၊ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ကျန်းမာရေးဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ်တို့ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးစီးသည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများ နေထိုင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်က လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရွာဖျန်းမြေဩ၊ သဘာဝမြေဩနှင့် Home Garden မျိုးစေ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူများထံ ရွာဖျန်းမြေဩ၊ သဘာဝမြေဩနှင့် Home Garden မျိုးစေ့များပေးအပ်ကာ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ငြိမ် အေးချမ်းမှုရှိမှသာ ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် အားလုံးပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းပြောကြားပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ချင်းပြည်နယ် အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကို အလေးထား ဆောင်ရွက်ပေးမှု အခြေအနေကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးက တက်ရောက်လာသည့် ဒေသခံတောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

မအူပင်မြို့နယ် လေးအိမ်စု ကလေးစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

မအူပင် နိုဝင်ဘာ ၂၆

ရေဝေတိတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် လေးအိမ်စု ကျေးရွာအုပ်စု လေးအိမ်စု ကျေးရွာ ကလေးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျေးရွာရှိ လေးအိမ်စုကလေးစာကြည့်တိုက် ရှေ့၌ ကျင်းပသည်။

ကလေးစာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို လေးအိမ်စုဆရာတော် အရှင်ဝိစိတ္တသာရ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရေဝေတိတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းခန့်၊ မအူပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ ကလေးစာကြည့်တိုက် မတည်အလှူရှင် ဒေါက်တာခင်ခင်ရီ ကိုယ်စား ဦးဝင်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကလေးစာကြည့်တိုက် ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးကာ ကလေး ငယ်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် လေးအိမ်စု ဆရာတော် အရှင်ဝိစိတ္တသာရက ဩဝါဒစကားခွေကြွေးပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က ကလေးဘဝကတည်းက စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အကျင့်ကို ပြုစုပျိုးထောင်ပေးသင့်ကြောင်း၊ စာပေဖတ်ရှုခြင်း ဝါသနာပါလာအောင် စည်းရုံးလှုံဆော်ပေးနိုင်ရေး ယခုလို ကလေးစာကြည့်တိုက်များ တည်ဆောက် လှုဒါန်းပေးခြင်း အတွက် အလှူရှင်များနှင့် စာကြည့်တိုက်အကျိုးတော်ဆောင်များကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက လှုဒါန်းသည့် အလှူငွေကျပ် ၁၀ သိန်း၊ DTH စလောင်း သုံးစုံ၊ ဗလာစာအုပ်များနှင့် သုတ၊ ရသစာအုပ်များကို ပေးအပ်လှုဒါန်းရာ လေးအိမ်စု မင်္ဂလာစာကြည့်တိုက် အတွင်းရေးမှူး သီလရှင်ဆရာလေး ဒေါ်ဟေမာစာရီက လက်ခံရယူသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကလေးစာကြည့်တိုက် ဖွင့်လှစ်ပေးနိုင်ခြင်းအတွက် ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှုဒါန်းသော အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လေးအိမ်စု ဆရာတော်က ရေဝေတိတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းပြီး လေးအိမ်စု မင်္ဂလာစာကြည့်တိုက် အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များက လေးအိမ်စု စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကာ မင်္ဂလာသင်တန်းခန်းမ၌ ဘာသာရေး၊ သာသနာရေး၊ ယဉ်ကျေးလိမ္မာသင်တန်းများနှင့် ဓမ္မစကူးလ် ဖွင့်လှစ် သင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လေးအိမ်စု ကျေးရွာ (၁၆) ခုတင်ဆုံ တိုက်နယ် ဆေးရုံ ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အချိန်မီပြီးစီးရေး၊ အရည်အသွေး ပြည့်မီရေးတို့ကို ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးအားပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



- သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။
- မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေး ကောင်း၏။

(၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

စိန်ခေါ်မှုလှိုင်းတံပိုးများကို အောင်မြင်စွာကျော်လွှားရင်း အမျိုးသားအောင်ပွဲနေ့ကို ဖြတ်သန်းကြပါမည်

မြန်မာသက္ကရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သို့ ရောက်ရှိလာတိုင်း မိမိတို့ သမိုင်းစာမျက်နှာထက်မှ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ပုံရိပ်များသည် နိုင်ငံသူ နိုင်ငံသားတိုင်း၏ နလုံးအိမ်ဝယ် တစ်ဖန်ပြန်လည် နိုးထလာစမြဖြစ်သည်။ ဤနေ့ထူးနေ့မြတ်သည် အမိမြေကို ချစ်မြတ်နိုးသူတိုင်း၏ နှလုံးအိမ်ဝယ် ဓာတိသွေး၊ ဓာတိမာန်များ တဖွားဖွား ပြန်လည်ရှင်သန်လာစေသည့် နေ့တစ်နေ့ ဖြစ်သကဲ့သို့ ယနေ့မျက်မှောက်ကာလတွင်လည်း နိုင်ငံနှင့် လူမျိုးအတွက် မိမိတို့၏တာဝန်ကို ပြန်လည် ဆင်ခြင်သုံးသပ်ရမည့် နေ့တစ်နေ့ဖြစ်သည်။

ယနေ့ နိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်မှာ စိတ်ဓာတ်ခိုင်မာမှု၊ အသိပညာနှင့် အမြော်အမြင် ရှိမှုတို့ လိုအပ်သကဲ့သို့ နိုင်ငံသားအားလုံး၏ တာဝန်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလည်း အရေးကြီးသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၆ နှစ်က အမျိုးသားရေးအတွက် စည်းလုံးညီညွတ်စွာ ရပ်တည်ခဲ့ကြသည့် မျိုးချစ်လူငယ်များ၏ စိတ်ဓာတ်ကို ယနေ့ ခေတ်အခြေအနေနှင့် ဆက်စပ်၍ ပြန်လည်လေ့လာသင့်သည်။

အမျိုးသားကျောင်းများ စတင်ပေါ်ပေါက်လာ

၁၉၂၀ ပြည့်နှစ်တွင် ဗြိတိသျှကိုလိုနီအစိုးရက ပြဋ္ဌာန်းခဲ့သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် မြန်မာတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ကြားခွင့်ရရှိရေးအတွက် အခက်အခဲဖြစ်စေခဲ့သည်။ ထို့ဥပဒေကို မကျေနပ်သည့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားလူငယ်များက ဆန့်ကျင်ခဲ့ကြပြီး ကျောင်းသားသပိတ်ကို စတင်ဆင်နွှဲခဲ့ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းတွင် စုဝေးတိုင်ပင်ခဲ့ကြသည့် ကျောင်းသားခေါင်းဆောင်များ၏ လှုပ်ရှားမှုသည် ပညာရေးဆိုင်ရာ ကန့်သတ်ချက်များကို ဆန့်ကျင်ခြင်းသာမက အမျိုးသားဂုဏ်သိက္ခာကို ကာကွယ်လိုသည့် စိတ်ဓာတ်ကိုပါ ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုသပိတ်လှုပ်ရှားမှုမှတစ်ဆင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့ပြီး မိဘပြည်သူများကလည်း မိမိတို့၏ တတ်နိုင်သည့်အင်အားဖြင့် အမျိုးသားပညာရေးကို ပိုင်းဝန်းပံ့ပိုးခဲ့ကြသည်။

ထိုသမိုင်းဖြစ်ရပ်က ပြသခဲ့သည်မှာ အခက်အခဲများကြားတွင်ပင် မိမိတို့၏အခွင့်အရေးနှင့် အမျိုးသားရေးရည်မှန်းချက်အတွက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းနိုင်ပါက အပြောင်းအလဲများကို ဖော်ဆောင်နိုင်ကြောင်းပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားအောင်ပွဲနေ့သည် အတိတ်က အောင်မြင်မှုတစ်ခုကိုသာ အမှတ်ရစေသည့်နေ့မဟုတ်ဘဲ ယနေ့ မျိုးဆက်များအတွက်လည်း သင်ခန်းစာယူဖွယ်ရာများစွာရှိနေသည့်နေ့ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်သည် ပြည်တွင်းပဋိပက္ခများ၊ စီးပွားရေးဆိုင်ရာ အခက်အခဲများနှင့် နိုင်ငံတကာမျက်နှာစာမှ ဖိအားများကို ရင်ဆိုင်နေရသည်။ ထိုအခြေအနေများကြောင့် ပြည်သူများ၏ နေ့စဉ်လူမှုဘဝတွင် အခက်အခဲများကြုံတွေ့နေရသကဲ့သို့ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စိန်ခေါ်မှုများရှိနေသည်။ ထိုသို့သော အခြေအနေတွင် စိတ်ခံစားချက်တစ်ခုတည်းဖြင့် တုံ့ပြန်နေခြင်းထက် အကြောင်းအရာများကို မှန်ကန်စွာ သုံးသပ်နိုင်သည့် အသိပညာ၊ အမြော်အမြင်နှင့် လက်တွေ့ကျသော ကြိုးပမ်းမှုများဖြင့် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်သည်။

ညီညွတ်ခြင်းဖြင့် အောင်ပွဲဝင်

မြတ်စွာဘုရားရှင် လက်ထက်တော်က အင်အားကြီးမားလှသော မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝေသာလီပြည်သား လိစ္ဆဝီမင်းမျိုးတို့ကို တိုက်ခိုက်သိမ်းပိုက်ရန် အကြိမ်ကြိမ် ကြံစည်အားထုတ်ခဲ့သည်။ သို့ရာတွင် လိစ္ဆဝီမင်းမျိုးတို့သည် မိမိတို့၏ အမျိုးဓာတ်နှင့် တိုင်းပြည်အပေါ် ချစ်မြတ်နိုးစိတ်ကြီးမားကြပြီး မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် "အပရိဟာနိယ တရားခုနစ်ပါး" ကို တစိုက်မတ်မတ် ကျင့်သုံးလိုက်နာခဲ့ကြသည်။ တိုင်းရေးပြည်ရာကိစ္စရပ်များကို အညီအညွတ် စုဝေးတိုင်ပင်ခြင်း၊ အညီအညွတ် ဆုံးဖြတ်ဆောင်ရွက်ခြင်းနှင့် မိမိတို့၏ ရှေးရိုးအစဉ်အလာ ကောင်းမြတ်သော ကျင့်ဝတ်သိက္ခာများကို မပျက်မယွင်း စောင့်ထိန်းခြင်းတို့ကြောင့် အင်အားကြီးမားသော ပြင်ပရန်သူပင်လျှင် လိစ္ဆဝီမင်းတို့အပေါ် မည်သို့မျှ ထိုးနှက်အနိုင်ယူနိုင်ခြင်းမရှိခဲ့ကြောင်း မဟာပရိနိဗ္ဗာနသုတ်တော်၌ အထင်အရှားပါရှိသည်။

ထို့အပြင် ငါးရာ့ငါးဆယ်နိုပါတ်တော်လာ မဟာဇနကဓောတ်တော်တွင် အလောင်းတော် မဟာဇနကမင်းသားသည် အခက်အခဲကြုံတွေ့ရသည့်တိုင် အားမလျှော့ဘဲ လုံ့လဝီရိယဖြင့် ကြိုးပမ်းခဲ့သည့် အကြောင်းကို တွေ့ရသည်။ ထိုဇာတ်တော်က သင်ခန်းစာပေးသည်မှာ အောင်မြင်မှုရရှိရန် အခြေအနေကောင်းများကိုသာ စောင့်မျှော်နေခြင်းထက် မိမိ၏ ကြိုးစားအားထုတ်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုကိုအခြေခံရန် လိုအပ်ကြောင်းပင်ဖြစ်သည်။

ကမ္ဘာ့သမိုင်းကို လေ့လာကြည့်လျှင်လည်း စစ်ပွဲနှင့် စီးပွားရေးအကျပ်အတည်းများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ပြန်လည်ထူထောင်နိုင်ခဲ့သည့် နိုင်ငံများကို တွေ့မြင်နိုင်သည်။ ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝသို့ ရောက်ရှိခဲ့ရသော ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သည် ပြင်ပကမ္ဘာ၏ ပြင်းထန်သော ဝေဖန်ပြစ်တင်မှုများနှင့် စီးပွားရေးဝိတ်ဆို့ကန့်သတ်မှုများအောက်မှ ရုန်းထွက်နိုင်ခဲ့ကြသည်။ ယင်းတို့ အောင်မြင်ခဲ့ရခြင်း၏ အဓိက လျှို့ဝှက်ချက်မှာ အတိတ်မှ နာကျင်မှုများကို အာဃာတအဖြစ်မထားဘဲ ပညာရေးစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ နည်းပညာနှင့် စက်မှုလုပ်ငန်းများကို နေ့မအား၊ ညမနား ကြိုးပမ်းတည်ဆောက်ခြင်းနှင့် တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း အလုပ်လုပ်ကိုင်ခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။

အလားတူ စင်ကာပူနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် သဘာဝသယံဇာတနည်းပါးသည့် အခြေအနေမှစတင်ကာ လူ့စွမ်းအားအရင်းအမြစ်၊ ပညာရေးနှင့် စီးပွားရေးစီမံခန့်ခွဲမှုတို့ကို အလေးထားဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေး အကျပ်အတည်းကာလတွင် တောင်ကိုရီးယားနိုင်ငံသည် ပြင်းထန်သော ငွေကြေးနှင့် စီးပွားရေးအခက်အခဲများကို ရင်ဆိုင်ခဲ့ရသည်။ ထိုအချိန်တွင် ပြည်သူများက နိုင်ငံခြားငွေကြေး အရန်ငွေတိုးမြှင့်ရေးအတွက် မိမိတို့ပိုင်ဆိုင်သည့် ရွှေထည်ပစ္စည်းများကို စုပေါင်းရောင်းချလှူဒါန်းသည့် လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုမှ ရရှိသည့် ရွှေတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံခန့်ရှိခဲ့ပြီး စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် တာဝန်ယူမှုကို ထင်ဟပ်စေခဲ့သည်။

ထိုသို့သော ကမ္ဘာ့သင်ခန်းစာများအရ နိုင်ငံတော်၏ အနာဂတ်ကို တည်ဆောက်ရာတွင် အသိပညာနှင့် အတတ်ပညာကို အခြေခံရန်လိုအပ်သည်။ ယနေ့ခေတ်ကမ္ဘာကြီးတွင် နိုင်ငံတကာအရေးအခင်းများ၊ နည်းပညာပြောင်းလဲမှုများနှင့် စီးပွားရေးအခြေအနေများသည် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် သတင်းအချက်အလက်များကို မှန်ကန်စွာ စိစစ်သုံးသပ်နိုင်ရန်၊ ခေတ်မီနည်းပညာများကို အသုံးချနိုင်ရန်နှင့် မိမိတို့၏လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှုများ တိုးတက်စေရန် ကြိုးပမ်းသင့်သည်။

အသိပညာကြွယ်ဝသည့် လူ့အဖွဲ့အစည်းတည်ဆောက်

အထူးသဖြင့် လူငယ်များသည် ပညာသင်ယူမှုကို အစဉ်မပြတ် ဆက်လက်လုပ်ဆောင်ကြရမည် ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်က ကျောင်းသားလူငယ်များသည် ပညာရေးစနစ်အပေါ် မကျေနပ်မှုကို ဖော်ထုတ်ခဲ့ကြသော်လည်း ပညာရေးကို စွန့်လွှတ်ခဲ့ကြခြင်းမဟုတ်ဘဲ အမျိုးသားပညာရေးစနစ်ကို ကိုယ်တိုင်တည်ဆောက်ရန် ကြိုးပမ်းခဲ့ကြခြင်း ဖြစ်သည်။ ယနေ့လူငယ်များအနေဖြင့်လည်း ခေတ်နှင့်အညီ လိုအပ်သည့် အသိပညာ၊ အတတ်ပညာများကို ဆည်းပူးပြီး မိမိတို့၏ အနာဂတ်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုနိုင်သူများ ဖြစ်လာအောင် ကြိုးစားကြရမည်။ အသိပညာကြွယ်ဝသော လူ့အဖွဲ့ အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မှသာ ပြင်ပမှ ဝင်ရောက်လာမည့် သတင်းအချက်အလက်အမှားများ၊ ထိုးနှက်ချက်များနှင့် နိုင်ငံရေးလှည့်ကွက်များကို မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြား ကျော်လွှားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသော အခြေခံအချက်တစ်ရပ်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် မိမိတို့နိုင်ငံတွင် ခေတ်မီနည်းပညာများကို အသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရန်၊ ပြည်တွင်းဖူလုံမှုရှိစေရန်နှင့် ပြည်ပပို့ကုန်များ တိုးတက်လာစေရန် ဆောင်ရွက်သင့်သည်။ သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့မှတစ်ဆင့် ကိုယ့်ခြေထောက်ပေါ်ကိုယ် ခိုင်မိခိုင်မာမှာ ရပ်တည်နိုင်မှသာ မည်သည့်နိုင်ငံ၏ စီးပွားရေးဝိတ်ဆို့မှုနှင့် ဖိအားပေးမှုကိုမဆို တုန့်လှုပ်ခြင်းမရှိဘဲ အောင်မြင်စွာ ကျော်ဖြတ်နိုင်ပါလိမ့်မည်။

ထို့အတူ နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားပြည်သူများအကြား အပြန်အလှန်နားလည်ယုံကြည်မှု တည်ဆောက်ရေးသည်လည်း မရှိမဖြစ်လိုအပ်သည်။ သဘောထားကွဲလွဲမှုများကို အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆွေးနွေးမှုတို့ဖြင့် ဖြေရှင်းနိုင်မှသာ တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုကာ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သည်။

နိုင်ငံတော်အတွက် တစ်ဦးချင်းက တာဝန်ကျေ

နိုင်ငံတော်အပေါ်ထားရှိသည့် မေတ္တာစိတ်ကို လက်တွေ့ဖော်ပြနိုင်ရန်မှာလည်း မိမိတို့ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများက ပြည်သူ့အကျိုးကို ရိုးသားဖြောင့်မတ်စွာသယ်ပိုးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်အောင်ဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားများက ကုန်ထုတ်လုပ်မှုတွင် ကြိုးပမ်းခြင်း၊ ကျောင်းသားလူငယ်များက ပညာကို ကြိုးစားသင်ယူခြင်းတို့သည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် တစ်ဦးချင်းစီ၏ ပါဝင်ဆောင်ရွက်မှုများပင်ဖြစ်သည်။

သမိုင်းကြောင်းကို ပြန်လည်ဆင်ခြင်သုံးသပ်ပါက မြန်မာနိုင်ငံသည် အတိတ်ကာလများစွာက လည်း ယခုထက်ပင် ပိုမိုပြင်းထန်သော လောကမံမုန်တိုင်းများကို အကြိမ်ကြိမ် ဖြတ်သန်းကျော်လွှားခဲ့ပြီး ဖြစ်ပါသည်။ ပုဂံခေတ် ပျက်သုဉ်းချိန်မှသည် ကုန်းဘောင်ခေတ်အဆုံးသတ် နယ်ချဲ့လက်အောက် ကျရောက်ခဲ့စဉ်ကလည်း လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သကဲ့သို့ ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသော ပြည်တွင်းပြည်ပ အကျပ်အတည်းများကိုလည်း တိုင်းရင်းသားပြည်သူများ၏ ဇွဲသတ္တိဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ယနေ့ ရင်ဆိုင်နေရသော စိန်ခေါ်မှုများသည်လည်း ကျွန်ုပ်တို့၏ စည်းလုံးမှု၊ သည်းခံနိုင်စွမ်းနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို စမ်းသပ်နေသည့် ယာယီအခက်အခဲများသာ ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ်က ကျောင်းသားလူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်သည် ယနေ့ မျိုးဆက်များအတွက် ဆက်လက်လေ့လာအတုယူဖွယ်ရာ သမိုင်းအမွေအနှစ်တစ်ရပ်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၆ နှစ်က အမျိုးသားအရေးအတွက် စည်းလုံးညီညွတ်စွာရပ်တည်ခဲ့ကြသည့် စိတ်ဓာတ်ကို အခြေခံကာ ယနေ့ခေတ်၏ စိန်ခေါ်မှုများကို အသိပညာ၊ အမြော်အမြင်နှင့် တာဝန်ယူမှုတို့ဖြင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့၏ အနှစ်သာရကို မျိုးဆက်အဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းရင်း နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိတို့တတ်စွမ်းသည့် အခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

ဝဿန်

မဲစာရင်းပြုစုနိုင်ရန် လူဦးရေစာရင်းများပြုစုရာတွင် မြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များ မှန်ကန်ရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၂၆

မဲစာရင်းပြုစုနိုင်ရန် လူဦးရေစာရင်းများပြုစုရာတွင် မြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များ မှန်ကန်ရန်လိုအပ်ကြောင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လှဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယနေ့ပြောကြားသည်။

ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

အချိန်မီပြုစုပေးပို့နိုင်ရေးကြိုးပမ်း

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမည့် ၂၀၂၇ ခုနှစ် ဧပြီ ၄ ရက်တွင် မြို့နယ် ၅၀ ၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပသွားမည် ဖြစ်ကြောင်းကို ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းမြို့နယ် ၅၀ အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင် စာရင်းပြုစုရာတွင် အခြေခံအသုံးပြုမည့် အတည်ပြု လူဦးရေစာရင်းအား မိမိတို့ မြေပြင်ကွင်းဆင်း ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က သတ်မှတ်ကာလ အတွင်း အချိန်မီပြုစုပေးပို့နိုင်ရေး ကြိုးပမ်း ဖြစ်သည်။





ဆက်လက်၍ တာဝန်ရှိသူများက ကြားဖြတ် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များ၏ အတည် ပြုလူဦးရေစာရင်း မှန်ကန်ရေးအတွက် ကော်မတီ အဆင့်ဆင့်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ပေးသည်။

ရှင်းလင်းဆွေးနွေး

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးအတွင်း မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ ကြားဖြတ် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ် ခြောက်မြို့နယ်၏ အတည်ပြုလူဦးရေစာရင်းမှန်ကန်ရေး ဆောင်ရွက် နေမှု၊ ဗဟိုကော်မတီ၏ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ရက်အရောက် ပေးပို့သွားမည့်အခြေအနေ နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေ ကို ရှင်းလင်းဆွေးနွေးသည်။

စနစ်တကျထိန်းသိမ်းထားရှိ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ လှဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူးရုံးအဝင်၌ ဧည့်ကြို ကောင်တာ ထားရှိဆောင်ရွက်မှု၊ မြို့နယ်ရုံးအတွင်း ဝန်ထမ်းများနှင့် မြို့နယ်အဆင့် ငါးဦး ကော်မတီတို့ က ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်းလုပ်ငန်းနှင့် e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်မှု လုပ်ငန်းများကို လမင်းစိမ်ချက်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေမှု၊ မြို့နယ်ရုံးမှတ်တမ်းခန်း အတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်း ထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန် ရှိသူများသည် လမင်းစိမ်ချက်ဖြင့် ဆောင်ရွက်ပြီး ဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို သက်ဆိုင်ရာ ကျောင်းသူ ကျောင်းသားတစ်ဦးချင်းထံ ပေးအပ်ကြပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများအား အားပေးစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၂၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အားကစား သမားများနှင့် ISPE FC မှ အုပ်ချုပ်/နည်းပြများနှင့် အားကစား သမားများကို ယနေ့နံနက်ပိုင်းက အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ သွားရောက်တွေ့ဆုံ၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သူများဖြစ်အောင် အားသွန်ခွန်စိုက်ကြိုးစား လေ့ကျင့် ဆောင်ရွက်သွားရန် တိုက်တွန်းပြီး အားပေးစကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)တွင် တာဝန်ထမ်းဆောင် လျက်ရှိသည့် ဝန်ထမ်းများ၊ မြန်မာ့လက်ရွေးစင် အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ISPE FC အမျိုးသား/ အမျိုးသမီး ဘောလုံးအသင်းများမှ အားကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ရှိ သင်တန်းသား သင်တန်းသူများနှင့် တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်း ပြည်ထောင်စု ခန်းမ၌ တွေ့ဆုံစဉ် ထိုသို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဦးဝိစာရ လမ်းရှိ အမျိုးသားရေကူးကန်ရှိ ရေသန့်စင်စနစ် အကြီးစားပြုပြင် ဆောင်ရွက်ပြီးစီးမှု၊ ရေကူးကန်နှင့် ပွဲကြည့်စင် ထိုင်ခုံများနှင့် ရုံးခန်း များ၊ အမျိုးသမီးအားကစားအဖွဲ့ ချုပ်လေ့ကျင့်ရေးရုံ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးရုံနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ် လေ့ကျင့်ရေးရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပုံမှန် ထိန်းသိမ်းပြုပြင် ဆောင်ရွက် သွားရန်နှာကြားသည်။

ထို့နောက် ရန်ကုန်မြို့၌ စခန်း သွင်း လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကရာတေ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သေနတ် ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တက်ဂ် ဘော အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ် ကက်အဖွဲ့ချုပ်၊ ISPE FC အမျိုး သား/အမျိုးသမီးဘောလုံးအသင်း များမှ တာဝန်ခံအသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမား များနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ယင်းနောက် အားကစား နှင့် ကာယပညာဦးစီးဌာနရုံး (မှန်ဆောင်) ပြန်လည်ပြုပြင်ပြီးစီး မှု၊ အိပ်ဆောင်ငါးဆောင်နှင့် စားရိပ်သာတို့အတွက် ဂါလန် ၃၀၀၀၀ ဆုံ ခြောက်လက်မ အဝိစိ တွင်း တူးဖော်ပြီးစီးမှုနှင့် အများ သုံး သန့်စင်ခန်းအတွက် ဂါလန် ၁၆၀၀ ဆုံ သံရေစင်တည်ဆောက် ပြီးစီးမှု၊ ဘော်လီဘောရုံ နှစ်ထပ် Sunshade နေကာအမိုးတပ်ဆင် ပြီးစီးမှု၊ မြားပစ်ကွင်းရှိ အုတ်နံရံ ကာရံပြီးစီးမှုနှင့် ကျွမ်းဘား လေ့ကျင့်ရေးရုံအတွင်းရှိ ရေနုတ် မြောင်းပြုပြင်နေမှု အခြေအနေ များကို လိုက်လံကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





"ချစ်စရာအရွယ်ကစားကြမယ်" ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၆

"ချစ်စရာအရွယ်ကစားကြမယ်" ကလေးအစီ အစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက် ရှိရာ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ပုဂ္ဂလိက မူလတန်းကြို ကျောင်းများဖြစ်သည့် Future Stars Preschool နှင့် Dainty Kids Academy Preschool တို့မှ ကလေးငယ်များ ပါဝင်ကစား ကြပုံတို့ကို ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ခင်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ် ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် နိုဝင်ဘာ ၂၉ ရက်(တနင်္ဂနွေ) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV-HD Channel တွင် နိုဝင်ဘာ ၃၀ ရက် (တနင်္လာ နေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံ ပြသမည်ဖြစ်သည်။ ထို့ပြင် Online မှလည်း MRTV Website နှင့် MRTV App တို့တွင် Live Streaming ကြည့်ရှုနိုင်သကဲ့သို့ MRTV App ၏ Youth Sector နှင့် MRTV Telegram Channel တို့တွင်လည်း ဝင်ရောက်ကြည့်ရှု နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်



ရန်ကုန် နိုဝင်ဘာ ၂၆

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ဆရာဆရာမ ၃၁၂ဦး တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြား ပြီး ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

လက်ခံတွေ့ဆုံ

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်း(၁)၌ ရန်ကုန်မြို့အခြေစိုက် ရုရှားသံရုံးမှ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးရေး တိုးတက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

နွေထက်ကို(ပြန်/ဆက်)

ကျောက်ဆည်ကန်မှ ၂၀၂၆ -၂၀၂၇ ခုနှစ်တွင် မိုးစပါးနှင့် အခြားသီးနှံ စိုက်ဧက ၄၂၁၈ ဧကအား စိုက်ပျိုးရေးပေးဝေလျက်ရှိကာ နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၁၂၀၀ အား စိုက်ပျိုးရေးပေးဝေရန် လျာထားစီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

ပျော်ဘွယ်မြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ခဲ့သည့် ကျောက်ဆည်ကန်မှ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ကန်အတွင်းဝင်ရေအား သိုလှောင်နိုင်သည့် ပမာဏထိ ထိန်းညှိသိုလှောင်ကာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးနှင့် အခြားသီးနှံစိုက်ဧက ၂၅၇၉ ဧကအား စိုက်ပျိုးရေးပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးစပါးနှင့် အခြားသီးနှံ စိုက်ဧက ၄၂၁၈ ဧကအား စိုက်ပျိုးရေးပေးဝေလျက်ရှိကာ နွေစပါးနှင့် အခြားသီးနှံစိုက်ဧက ၁၂၀၀ အား စိုက်ပျိုးရေးပေးဝေရန် လျာထားစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လိုအပ်ချက်များကိုဖြည့်စွက်ဆွေးနွေး

ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်မိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ကန်သို့ ရောက်ရှိ၍ တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရေပိုမိုသိုလှောင်နိုင်ရန်အတွက် မူလတမံအမြင့် အထက် နှစ်ပေမြှင့်တင်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေ၊ မူလရေပိုလွှဲ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ရေတံခါးတပ်အကူ ရေပိုလွှဲတည်ဆောက်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

ဆိုလာရေတင်စနစ်ဖြင့်စိုက်ပျိုးရေးပေ

ထို့ပြင် ရမည်းသင်းခရိုင်အတွင်းရှိ ကျီးနီကန်ရေသိုလှောင်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မူလစိစစ်ဧကများအတိုင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးတက်စေရေး၊ လိုအပ်သည့် စိုက်ပျိုးရေပမာဏအတိုင်းပေးဝေနိုင်စေရေး၊ စိုက်ပျိုးရေ ပိုမိုတိုးတက်ရရှိရေးနှင့် ကုန်းမြင့်ဒေသများသို့ အနိမ့်တင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံသို့ရောက်ရှိပြီး တမံပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရေတံခါးများနှင့် ရေပိုလွှဲပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအနီးရှိ တောင်တော်(၁) ဆိုလာစနစ် ရေတင်စီမံကိန်းနှင့် တောင်တော်(၂) ဆိုလာရေတင်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်သုံးစွဲနိုင်ရေး၊ အခြေအနေပေးသည့်ဒေသများတွင် ဆိုလာမြစ်ရေတင်လုပ်ငန်းဖြင့် ရာသီအလိုက် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်၊ ရေလှည့်စနစ်ဖြင့် စိုက်ပျိုးရေကို အလေအလွင့်နည်းပါးစွာ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် ဒေသခံတောင်သူများကို အသိပညာပေးခြင်းနှင့် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ဆွေးနွေးမှာကြားခဲ့သည်။

စိုက်ပျိုးရေပေးဝေသွားနိုင်မည်

တောင်တော်(၁)ဆိုလာစနစ် ရေတင်စီမံကိန်းမှ မြို့ကြီးမြောင်းမတော် ပေတိုင် ၅၆၀၅ ပေ နေရာတွင် ဆိုလာရေတင်စနစ်ဖြင့် စုပ်တင်၍ မိုးကောင်းသောက် ဧက ၃၅၀ အားလည်းကောင်း၊ တောင်တော်(၂)ဆိုလာစနစ် ရေတင်စီမံကိန်းမှ မြို့ကြီးမြောင်းမတော် ပေတိုင် ၇၇၇၅ ပေနေရာတွင် ဆိုလာရေတင်စနစ်ဖြင့် စုပ်တင်၍ မိုးကောင်းသောက် ဧက ၃၅၀ အားလည်းကောင်း ရာသီမရွေး စိုက်ပျိုးရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြင်ဦးလွင်ကော်ဖီစီမံကိန်း လုပ်ငန်းရှင်များအနေဖြင့် ကော်ဖီပင်များဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းမရှိပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့် ရုပ်သိမ်းသွားမည်

နေပြည်တော် နိုဝင်ဘာ ၂၆

ပြင်ဦးလွင်ကော်ဖီ စီမံကိန်း လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးထားသည့် ကော်ဖီပင်များကို အပင်ဖြစ်ထွန်းအောင်မြင်မှုရှိအောင် ထိန်းသိမ်းပြုစုကြရန် လိုအပ်ကြောင်း၊ ထပ်မံကွင်းဆင်းစစ်ဆေး၍ ကော်ဖီပင်များ ဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းမရှိပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ ရှိသူများက ပြင်ဦးလွင်ကော်ဖီစီမံကိန်းလုပ်ငန်းရှင်များကို ယနေ့တွေ့ဆုံဆွေးနွေးပြောကြားသည်။

ယနေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၄၃) ရှိ အစည်းအဝေးခန်းမ၌ မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ မြေဧရိယာအပြည့်အဝ မစိုက်ပျိုးဘဲ တစ်စိတ်တစ်ဒေသကိုသာ စိုက်ပျိုးထားသူလုပ်ငန်းရှင် ၁၁ ဦးနှင့် စိုက်ပျိုးထားသော်လည်း ဖြစ်ထွန်းအောင်မြင်မှု အားနည်းနေသူ လုပ်ငန်းရှင် ၅၆ ဦးတို့ကို ခေါ်ယူတွေ့ဆုံဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တာဝန်ရှိသူများက လုပ်ငန်းရှင်များကို နည်းပညာ၊ မျိုးစေ့၊ ပျိုးပင် လိုအပ်ချက်များနှင့် အခြားအခက်အခဲများရှိပါက စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေး တင်ပြမှုများအပေါ် ရှင်းလင်းဖြေကြားပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကော်ဖီစီမံကိန်း ဧရိယာအတွင်းရှိ ကော်ဖီစိုက်ပျိုးရန် လုပ်ကိုင်ခွင့်ချထားပေးသော မြေများအပေါ် စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေကို မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာ ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အချို့မှာ ဧရိယာပြည့် စိုက်ပျိုးထားမှုမရှိခြင်း၊ အချို့မှာ စိုက်ပျိုးထားသည် ဆိုရုံမျှသာ စိုက်ပျိုးထားခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၂၇ ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

မကွေးမြို့၌ IT နည်းပညာနှင့် ဆိုက်ဘာခြိမ်းခြောက်မှုဆိုင်ရာ အသိပညာပေး လူငယ်စကားဝိုင်းကျင်းပ



မကွေး နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူး၍ IT နည်းပညာနှင့် ဆိုက်ဘာခြိမ်းခြောက်မှုဆိုင်ရာ အသိပညာပေးလူငယ်စကားဝိုင်းကို ယနေ့ နံနက်က မကွေးမြို့ရှိ တိုင်းဒေသကြီးလူငယ်ရေးရာ စင်တာ၌ ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းကို လူငယ်လူရွယ်များ အနေဖြင့် ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာများကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ဆိုက်ဘာဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်များမှ ကြိုတင်ကာကွယ်ရှောင်ရှားနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

စကားဝိုင်းတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို က အမှာစကားပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် လူငယ်ကိုယ်စားလှယ်များက IT နည်းပညာဆိုင်ရာအခွင့်အလမ်းများ၊ ဆိုက်ဘာလုံခြုံရေးအသိပညာနှင့် ဆိုက်ဘာခြိမ်းခြောက်မှုများမှ ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများကို ရှုထောင့်စုံက ပါဝင်ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

မော်လမြိုင်မြို့၌ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၂၆

၂၀၂၆–၂၀၂၇ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်းရှိ ယင်းမာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ပဉ္စမတန်း (Grade-5) ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ဆောင်၌ကျင်းပသည့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် စက်မူ၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ(တိုင်းဒေသကြီး/ပြည်နယ်အဆင့်) နည်းပြသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသားဦးရေ ၉၃ ဦး တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီးမှ သင်တန်းသား ၃၆ ဦးက အွန်လိုင်းစနစ်ဖြင့် ပါဝင် တက်ရောက်ကြမည်ဖြစ် ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန် အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်ကျိုက်မရောမြို့ အ-ထ-ကခွဲ (ကျိုက်မရော)တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၃ ဦးကို ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး အစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လားရှိုးမြို့၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ဟိုတယ်ဆိုင်ရာသင်တန်းဆင်းပွဲများကျင်းပ

လားရှိုး နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်ဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းသုံးမျိုးဆင်းပွဲကို ယနေ့နံနက်က Golden Hill Hotel ၌ ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ဦးတို့က ဧည့်ကြိုဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး သင်တန်းသား ၇၁ ဦးအတွက် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)



တမူးမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကွင်းသရုပ်ပြ



တမူး နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မရပ်ကွက်ရှိ တောင်သူ ဦးတင်ဆိုင်၏ လယ်မြေတွင် စိုက်ပျိုးထားသော မှော်ဘီ(၂) စပါးမျိုးစိုက်ကွက်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသိန်းနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မှော်ဘီ(၂) စပါးမျိုး ၀ ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက (အစို) ၁၂၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ရတနာ(တမူး)

မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ရေသည်အသက် ရေအသက်တစ်မနက်၊ မြေအောက်ရေကို ထိန်းသိမ်းပါ

ကျေးလက်တွင် ဈေးကွက်ဝင် တိုင်းရင်းကြက်မွေးမြူရေး

သောင်းသိန်းမြတ် (မွေး/ကု)

တနင်္ဂနွေရုံးပိတ်ရက်နေ့ကြီးတွင် ရုတ်တရက် ရောက်ရှိလာသော ကိုထွန်းမောင်ကြီးနှင့် သူ၏ အဖော်တစ်ယောက်အား စာဖတ်အနားယူနေစဉ် တွေ့မိ၍ "လာဗျာ ကိုထွန်းမောင်ကြီး ဘာကိစ္စများ ရှိလို့လဲ၊ ဘာများကူညီပေးရမလဲ" ဟု နှုတ်ဆက် ဖိတ်ခေါ်လိုက်ပါသည်။

"ကျွန်တော့်ရဲ့ဆိတ်မွေးမြူရေးခြံလေးကတော့ ဒေါက်တာကြီး လမ်းညွှန်ပြသပေးမှုကြောင့် တိုးတက်အောင်မြင်နေပါတယ်။ အခုပါလာတဲ့ မိတ်ဆွေက ကျွန်တော်တို့ရွာက ကိုစိုးအောင် ဖြစ်ပါတယ်။ လာရတဲ့အကြောင်းကတော့ ကိုစိုးအောင်က သူပိုင်တဲ့ ခြံမြေကွက်လေးထဲမှာ တိုင်းရင်းကြက် မွေးမြူချင်လို့ နည်းနာနိသယနဲ့ လမ်းညွှန်ပြသမှု လေးတွေကို မှတ်သားနာယူလို့ရအောင် လာရောက် တွေ့ဆုံတာပါ"

"ထိုင်ကြဗျာ။ ခင်ဗျားတို့ ရောက်လာတာနဲ့ အံကိုက်ပါပဲ။ ကျွန်တော်လည်း အခုပဲ တိုင်းရင်း ကြက်မွေးမြူရေးနဲ့ ပတ်သက်တဲ့ စာစောင်လေး တွေကို ပြန်လည်ဖတ်ရှုမှတ်သားနေတာပါ။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေး လုပ်ငန်းကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ ရှေးယခင်ကတည်းက တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းကို အစဉ်အလာ တစ်ရပ်အဖြစ် မွေးမြူလုပ်ကိုင်လာကြပါတယ်။ တိုင်းရင်းကြက်တွေဟာ ဒေသအလိုက် မြန်မာ့ရာသီ ဥတုပတ်ဝန်းကျင်အခြေအနေအပေါ် လိုက်လျောညီထွေစွာ ရှင်သန်နိုင်ခြင်း၊ သဘာဝအစာများကို ရှာဖွေစားသောက်နိုင်ခြင်းနဲ့ ရောဂါအလျှိုကို ခံနိုင်ရည်ရှိခြင်း စတဲ့အားသာချက်တွေရှိတဲ့ မွေးမြူ ရေးတိရစ္ဆာန်တစ်မျိုး ဖြစ်ပါတယ်။

"တိုင်းရင်းကြက်ရဲ့ အခန်းကဏ္ဍဟာ မြန်မာ နိုင်ငံရဲ့ ကြက်မွေးမြူမှုအခန်းကဏ္ဍမှာ ကျယ်ပြန့်စွာ ပါဝင်နေတာကို တွေ့နိုင်ပါတယ်။ တိုင်းရင်းကြက်ကို ကျေးလက်ဒေသတွေမှာ ကုန်ကျစရိတ် သက်သာ စွာ အလွယ်တကူ မွေးမြူလေ့ရှိကြတယ်။ လက်ရှိ မွေးမြူနေကြတဲ့ လွှတ်ကျောင်းစနစ်ကို အခြေခံပြီး ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ ရောဂါ ကာကွယ်ခြင်းလုပ်ငန်းတွေ ပိုမိုစနစ်တကျဖြစ် အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအားဖြင့် ကြက်သား၊ ကြက်ဥ ပိုမိုထွက်ရှိလာနိုင်မှာ ဖြစ်ပါ တယ်။ တိုင်းရင်းကြက်မွေးမြူခြင်းဟာ မိသားစု ဝင်ငွေတိုးတက်စေဖို့အတွက် အထောက်အကူပြု ပေးတဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့အပြင် နိုင်ငံသားတွေ အာဟာရပြည့်ဝတဲ့ ကြက်သား၊ ကြက်ဥ စားသုံးမှု တိုးမြှင့်လာစေဖို့အတွက် အဓိကကျတဲ့ လုပ်ငန်း တစ်ခု ဖြစ်ပါတယ်။

"ဒါ့အပြင် တိုင်းရင်းကြက်ရဲ့ အသားနဲ့ ဥကို စားသုံးသူတွေ ကြိုက်နှစ်သက်မှုရှိတာ တွေ့ရမှာ ဖြစ်ပြီး တိုင်းရင်းကြက်ရဲ့ မျိုးရိုးဗီဇအရင်းအမြစ်ကို ထိန်းသိမ်းခြင်း၊ စနစ်တကျ မွေးမြူခြင်းနဲ့ ခေတ်မီ နည်းပညာတွေ အသုံးချခြင်းတွေဟာ ယနေ့ခေတ် မှာ အလေးထားဆောင်ရွက်သင့်တဲ့ လုပ်ငန်းရပ် တွေလို့ မြင်တွေ့ရမှာပါ။

"မြန်မာနိုင်ငံမှာ ဒေသအလိုက် တိုင်းရင်းကြက် မျိုးများစွာ ရှိတဲ့အနက် ထင်ရှားတဲ့ ကြက်မျိုးအချို့ ကို ပြောပြရမယ်ဆိုရင်-

(က) **အင်ပင်ဝကြက်**။ မိတ္ထီလာမြို့နယ် အင်ပင်ဝကျေးရွာဇစ်မြစ် ကြက်မျိုး ဖြစ်ပါတယ်။ မျိုးနှောအသားစားကြက် မျိုးဖြစ်ပြီး စစ်တကောင်းကြက်မျိုးထက် ကြီးထွားမှု ပိုမိုကောင်းမွန်ပါတယ်။

(ခ) **စစ်တကောင်းကြက်**။ ကျေးလက်ဒေသ ဟင်းစားကြက်မျိုးဖြစ်ပြီး ကြီးထွားနှုန်း မြန်တဲ့ မျိုးရိုးဖြစ်ပါတယ်။

(ဂ) **လည်ပြောင်ကြက်**။ မျိုးထွန်းအသား စားကြက်မျိုး ဖြစ်ပါတယ်။ အသားစားသုံး မှုအတွက် ပိုမိုသင့်တော်တဲ့ ကြက်မျိုး ဖြစ်ပါတယ်။ ကြီးထွားနှုန်း အသင့်အတင့် ရှိပါတယ်။

(ဃ) **တိုက်ကြက်၊ တိန်ညင်ကြက်၊ ညောင်ကန် ကြက်၊ ရွှေတစ်ဆုပ်ကြက်**နဲ့ ဒေသအလိုက် အခြားကြက်မျိုးတွေလည်း ရှိတယ်လို့ လေ့လာမှတ်သားရပါတယ်။

၄၅ ရက် မွေးမြူရင် ကိုယ်အလေးချိန် တစ်ပိသာ ကျော်အထိ ကြီးထွားနိုင်တဲ့ အသားတိုးကြက်မျိုး ဖြစ်လာစေဖို့ တိုင်းရင်းကြက်တွေကိုပဲ အခြေခံပြီး ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ တိုင်းရင်းကြက် တွေအနက် ဥနှုန်းကောင်းတဲ့ကြက်၊ ကြီးထွားနှုန်း မြန်တဲ့ ကြက်တွေကို မျိုးရိုးဗီဇအရ ထုတ်လုပ်မှု မှတ်တမ်းတွေထားပြီး စနစ်တကျ ရွေးချယ်သားစပ် ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ရောဂါကာကွယ် ကုသမှု အစီအမံတွေ ဖြည့်ဆည်း ဆောင်ရွက်ပေး ခြင်းတွေနဲ့ ထုတ်လုပ်မှုကောင်းတဲ့ ဥစားကြက်၊ အသားတိုးကြက်မျိုးတွေ ဖြစ်ထွန်းလာအောင် အဆင့်ဆင့် ပြောင်းလဲဆောင်ရွက်ခဲ့ရတာပါ။

"မျက်မြင်အားဖြင့် တိုင်းရင်းကြက်မျိုးကောင်း ရွေးချယ်မယ်ဆိုရင်တော့ အခုပြောပြပေးမယ့် အချက်တွေကို အခြေခံပြီးတော့ ရွေးချယ်ကြဖို့ လိုပါလိမ့်မယ်-

(က) ကိုယ်လုံးကိုယ်ထည် ထွားကြိုင်းခြင်းနဲ့ ကျန်းမာသန်စွမ်းတဲ့ ကြက်မျိုးကို ရွေးချယ်ရမယ်။

(ခ) ကြီးထွားမှုနှုန်းမြန်တဲ့ ကြက်ဖြစ်ရမယ်။

(ဂ) ကြက်ဥအရွယ် ကြီးကြီးဥတဲ့ ကြက်မျိုး ဖြစ်ရမယ်။

(ဃ) ကြက်မတစ်ခါဝပ်ဖို့အတွက် ဥများများ ဥနိုင်တဲ့ ကြက်ဖြစ်ရမယ်။

(င) စိတ်ရှည်ရှည် ခွဲကောင်းကောင်းနဲ့ ဝပ်ပေး လေ့ရှိတဲ့ ကြက်မျိုး ဖြစ်ရမယ်။

(စ) ကြက်ဥတွေ မျိုးအောင်မှု၊ သားပေါက်မှု ကောင်းရမယ်။

(ဆ) သားပေါက်တွေ ကျန်းမာသန်စွမ်းခြင်းနဲ့ ကိုယ်အင်္ဂါချို့ယွင်းမှုမရှိရဘူး။

(ဇ) သားထိန်းကောင်းခြင်း စတဲ့အချက် တွေကို အခြေခံပြီးတော့ ရွေးချယ်မွေးမြူ ကြရပါမယ်။

"ယခုလက်ရှိ မြန်မာနိုင်ငံ ကျေးလက်ဒေသ တွေမှာ ကြက်မွေးမြူကြတဲ့ စနစ်လေးတွေ နှိုင်းယှဉ် ပြုပြင်လို့ရအောင် ပြောပြပေးပါဦးမယ်။ အများစုက တော့ တိုင်းရင်းကြက်တွေကို လွှတ်ကျောင်းစနစ်နဲ့ မွေးမြူကြတာ များပါတယ်။ ပြီးတော့ ကြက်တွေ အတွက် ညအိပ်ဖို့နေရာ၊ ဥဖို့နေရာ၊ အကာအကွယ် ရအောင် ခြံဆောက်လုပ်ပေးတဲ့ အလေ့အထတွေ သိပ်မရှိကြဘူး။ ကြက်တွေကို အစာစနစ်တကျ မကျွေးဘဲ သူ့ဘာသာ ရှာစားစေတယ်။ စပါး၊ ဆန်၊ ဆန်ကွဲ၊ ထမင်း စတဲ့အစာတွေကို ပက်ကျွေးလေ့ ရှိတယ်။ သင့်တင့်စွာရောစပ်ပြီး ကျွေးမွေးလေ့ မရှိဘူး။ အစာခွက်တွေ၊ ရေခွက်တွေ ထားပေးတဲ့ အလေ့အထမရှိကြဘူး။ ကြက် "ဥကျင်း" ကိုလည်း စနစ်တကျထားပေးတာ မရှိကြဘူး၊ ကာကွယ်ဆေး ထိုးနှံမှု၊ ရောဂါကုသဆေးနဲ့ အားဆေးတိုက်ကျွေး မှုအပိုင်းမှာ အားနည်းတာ တွေ့ရတယ်။ မျိုးကောင်း မျိုးသန့် ရွေးချယ်ပြီး စနစ်တကျ သားစပ်ပေးတဲ့ အလေ့အထ အားနည်းတာကိုလည်း တွေ့ရ တယ်။

"လက်ရှိ တိုင်းရင်းကြက်မွေးမြူမှု အခြေအနေရဲ့ အားနည်းချက်ကိုလည်း ပြောပြပါဦးမယ်။ တိုင်းရင်း ကြက်ကို စနစ်တကျ ဂရုတစိုက် ကျွေးမွေးထိန်းသိမ်း စောင့်ရှောက်မှု အားနည်းလို့ ဆုံးရှုံးနိုင်တာတွေက တော့-

(က) **ကြက်ခြံတဲ့ ဆောက်လုပ်ပေးမှု မရှိတာကြောင့်** ခွေး၊ ကြောင်၊ ငှက်စတဲ့ တိရစ္ဆာန် တွေရဲ့ ရန်ပြုမှုကို ခံရနိုင်တယ်။ မသမာ သူတွေရဲ့ ခိုးယူခြင်းကိုလည်း ခံရနိုင် တယ်။ ကြက်တွေဟာ ရာသီဥတုရဲ့ ဒဏ်ကိုလည်း ခံရနိုင်တယ်။ ဥကျင်းတွေ စနစ်တကျ မထားနိုင်လို့ ဥလည်း ဆုံးရှုံးရ နိုင်တယ်။ ကြက်ရဲ့ ကျန်းမာရေးအခြေ အနေကို စစ်ဆေးဖို့ကိုလည်း ခက်ခဲမှာ ဖြစ်တယ်။ ဒါနဲ့တစ်ဆက်တည်း ကာကွယ် ဆေးထိုးဖို့နဲ့ ဆေးကုသမယ် ဆိုရင် ထိန်းသိမ်းဖမ်းဆီးဖို့လည်း ခက်ခဲမှာ ဖြစ်တယ်။

(ခ) **သန့်ရှင်းတဲ့ရေ၊ အစာအာဟာရ လုံလောက်စွာမရရှိတာကြောင့်** ကြက် တွေရဲ့ ကြီးထွားနှုန်းကို နေးကွေးစေပြီး တော့ ဥနှုန်းနဲ့ သားပေါက်နှုန်းကြွံစေရ ကိုလည်း လျော့နည်းစေတယ်။ ရောဂါ ဖြစ်ဖို့ အခွင့်အလမ်းလည်း ပိုများလာ နိုင်မှာဖြစ်တယ်။

(ဂ) **ကျန်းမာရေးစောင့်ရှောက်ပေးမှုအားနည်း တာကြောင့်** ကူးစက်ရောဂါဖြစ်ပွားတဲ့ အခါ ခြံတစ်ခြံလုံး ဆုံးရှုံးရတတ်တယ်။ ကူးစက်ရောဂါပျံ့နှံ့မှုကိုလည်း ထိန်းချုပ် ဖို့ ခက်ခဲသွားနိုင်တယ်။ ကြက်တွေရဲ့ ချေးဖြူကပ်ရောဂါ၊ သွေးဝမ်းရောဂါနဲ့ သန်ရောဂါတွေလည်း အဖြစ်များလာ တတ်တယ်။

(ဃ) **မျိုးကောင်းမျိုးသန့်ရွေးချယ်ပြီး စနစ် တကျ သားစပ်ပေးမှုမရှိတာကြောင့်** ကြီးထွားနှုန်းကောင်းပြီး ဥနှုန်းကောင်းတဲ့ မျိုးတွေကို ထိန်းသိမ်းထားနိုင်မှု အခွင့် အလမ်း နည်းပါးသွားတတ်တယ်။

"အခုပြောပြခဲ့တဲ့ အချက်တွေကို လက်တွေ့ လိုက်နာပြုပြင်ကျင့်သုံးနိုင်မယ်ဆိုရင် ပိုမိုကောင်းမွန် အကျိုးဖြစ်ထွန်းတဲ့ တိုင်းရင်းကြက်မွေးမြူရေး လုပ်ငန်းတစ်ခု လုပ်ဆောင်နိုင်မှာ မလွဲကောန်ပါပဲ ဗျာ။ ကိုစိုးအောင် မွေးမြူချင်တဲ့ တိုင်းရင်းကြက် မွေးမြူမှုလုပ်ငန်းကိုလည်း သေချာလုပ်ကိုင် ဆောင်ရွက်နိုင်ဖို့ လာမယ့် အပတ်ရွာကိုလာတဲ့အခါ ဆောင်ရန်၊ ရှောင်ရန်တွေနဲ့ ကြက်ခြံဆောက်လုပ် ခြင်းအပိုင်းတွေကို ဆက်လက်ပြောပြပေးသွားပါ ဦးမယ်"။ ။

"တိုင်းရင်းကြက်မွေးမြူတဲ့အခါမှာ ကြက်မျိုးကောင်း ရွေးချယ်တတ်ဖို့လည်း လိုအပ်ပါတယ်။ ကြက်မတစ်ကောင်ဟာ ဥသက် တစ်နှစ်အတွင်းမှာ ကြက်ဥအလုံးရေ ၃၀၀ ခန့် ဥနိုင်တဲ့ ကြက်မျိုးနဲ့ ၄၅ ရက် မွေးမြူရင် ကိုယ်အလေးချိန် တစ်ပိသာ ကျော်အထိ ကြီးထွားနိုင်တဲ့ အသားတိုးကြက်မျိုး ဖြစ်လာစေဖို့ တိုင်းရင်းကြက်တွေကိုပဲ အခြေခံပြီး ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ တိုင်းရင်းကြက် တွေအနက် ဥနှုန်းကောင်းတဲ့ကြက်၊ ကြီးထွားနှုန်း မြန်တဲ့ ကြက်တွေကို မျိုးရိုးဗီဇအရ ထုတ်လုပ်မှု မှတ်တမ်းတွေထားပြီး စနစ်တကျ ရွေးချယ်သားစပ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ရောဂါကာကွယ်ကုသမှု အစီအမံတွေ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတွေနဲ့ ထုတ်လုပ်မှုကောင်းတဲ့ ဥစားကြက်၊ အသားတိုးကြက်မျိုးတွေ ဖြစ်ထွန်းလာအောင် အဆင့်ဆင့် ပြောင်းလဲဆောင်ရွက်ခဲ့ရတာပါ"

ရေခွဲတာရေး နည်းလမ်းများ

❁ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❁ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

မြစ်ကြီးနားမြို့၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းအားကစားပြိုင်ပွဲများကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၂၆

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား မျက်မမြင်ကျောင်းအပါအဝင် ဗန်းမော်၊ ဝိုင်းမော်မြို့နယ်များမှ မသန်စွမ်းအားကစားသမားများပါဝင်သည့် မသန်စွမ်းအားကစားပြိုင်ပွဲများ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပသည်။



ဖွင့်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများနှင့်အတူ စစ်တုရင်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ (၁၀၀)အပြေးပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး သံလုံးပစ်၊ သံပြားပစ် ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲအားကစားနည်းအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ မြစ်ကြီးနားမြို့၌ ယာယီနေရပ်စွန့်ခွာနေထိုင်လျက်ရှိသော စခန်းသုံးခုမှ အိမ်ထောင်စု ၂၅၅ စုတို့အတွက် ငွေကျပ် ၁၇၈၅၀၀၀၀ တန်ဖိုးရှိ ဆန် ၁၂ ပြည်ပါ အိတ် ၂၅၅ အိတ်ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ကျင်းပသည့် (၇၉)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားနှင့် မနောပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက ဆပ်ကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်သွားမည့် အစီအမံများ၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား၊ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပ

စစ်တွေ နိုဝင်ဘာ ၂၆

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(တတိယနေ့) ကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ဝက် ပထမ(၆)လပတ် အစီရင်ခံစာ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေပြုရေး ကော်မတီမှ ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရခိုင်ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၏ ငွေကြေးဆိုင်ရာ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတို့နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အဆိုတင်သွင်းရာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူပြီး တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)





တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁ / ၂၀၂၆) ဒုတိယနေ့ ကျင်းပ

ဟားခါး နိုဝင်ဘာ ၂၆

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူမရှိသဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အတည်ပြုသည်။

ဆက်လက်၍ တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) အစည်းအဝေးပြီးစီးကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယနေ့ ကျင်းပပြုလုပ်သည့် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့သို့ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

တတိယအကြိမ်မြောက် ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

တတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် လမ်း ၇၀ နှင့် ၃၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရုတနာပုံခန်းမ၌ ဒီဇင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ (တနလ်ာနေ့မှ သောကြာနေ့အထိ) ငါးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများထံသို့ ဆေးဝါးများကို တိုက်ရိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ပျဉ်းမနားမြို့ရှိ မေခန်းမ၌လည်း ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကျင်းပပြုလုပ်ခဲ့ပြီး ဆေးကုမ္ပဏီများက ဆေးဝါးအမျိုးအစားပေါင်း ၉၀၀ ကျော်ကို ကုမ္ပဏီတိုက်ရိုက် စျေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

သဲကုန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်

သဲကုန်း နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းကို ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သဲကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအိမ်မျက်ခြယ်မောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်း၏ Softwareအသုံးပြုနည်းစနစ်များ၊ စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များ၊ မြေပြင်တွင် လက်တွေ့ကွင်းဆင်းစာရင်းကောက်ယူရာ၌ လိုက်နာရမည့်နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ ဒေါက်တာအိမ်မျက်ခြယ်မောင်က သင်တန်းသား သင်တန်းသူများအား Animal Census App အသုံးပြုခြင်းနည်းစနစ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၆

ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ လူငယ်များအား မျိုးချစ်စိတ်ဓာတ်များ ရင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ပင်သာ)၊ အခြေခံပညာအထက်တန်းကျောင်း (သစ်လေးလုံး) တို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များ၊ စစ်ရေယာဉ်ပုံစံတူများနှင့် စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ တပ်မတော်(ရေ)၊ တပ်မတော် (လေ)နှင့် လက်ရုံးတပ်ဖွဲ့များ၏ ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ခင်းကျင်း ပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြခန်း တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ရင်တွင်းစကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

ဆရာမ

ပထမဆုံးကတော့ တပ်မတော် (ရေ)၊ တပ်မတော် (လေ) ပြင်ပပြကွက်မှာ လေယာဉ်တွေ၊ သင်္ဘောတွေ အစရှိတာတွေကို ကလေးတွေ လေ့လာခွင့်ရခဲ့ပါတယ်။ တပ်မတော် (ကြည်း၊ ရေ၊ လေ)ရဲ့သမိုင်းကြောင်းအဆင့်ဆင့် ကိုလည်း လေ့လာခွင့်ရရှိခဲ့တယ်။ အခု တပ်မတော်(ကြည်း၊ ရေ၊ လေ)မှာ ဆောင်ရွက်နေတဲ့



လုပ်ငန်းတွေ အားလုံးကိုလည်း လေ့လာခွင့်ရရှိခဲ့တယ်။ ကလေးတွေမှာ အလွန်အကျိုးကျေးဇူးရရှိခဲ့ပါတယ်။ အခုလို ကလေးတွေကို လာရောက်လေ့လာခွင့်ရအောင် စီစဉ်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲတွေနဲ့ အခု စစ်သမိုင်းပြတိုက်က တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားချင်ပါတယ်။

သတင်းစဉ်

အင်းစိန် အ.ထ.က(၂)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အင်းစိန်အ.ထ.က(၂)၌ ယနေ့ နံနက်ပိုင်းကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်၊ အမှတ်(၆၉) ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူးရုံးမှ ဒုတိယရဲမှူးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူငယ်နှင့် မျိုးချစ်စိတ်ဓာတ် ဆိုင်ရာများကို လည်းကောင်း၊ စာရေးဆရာ၊ သတင်းစာဆရာ (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး)က လူငယ်တို့၏ ရင်တွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားရေးဆိုင်ရာများကို လည်းကောင်း ဟောပြောခဲ့ကြပြီး မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀ တက် ရောက်ခဲ့ကြောင်း သိရသည်။



ဉာဏ်လင်း

ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်

ထန်းတပင် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိရိမင်္ဂလာခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ နွယ်နီဝင်းတို့က တိရစ္ဆာန်ကောင်ရေ



စာရင်းကောက်ယူမည့် အချက်အလက်ပုံစံများနှင့် စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိဝင်ဘာ ၂၆

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁လုံးအား ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြ မြေပုံ။

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅)ထပ်အဆောက်အအုံအား မဖြိုဖျက်မီတွေ့ရစဉ်။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅)ထပ်အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

ဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

တနင်္သာရီမြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

တနင်္သာရီ နိဝင်ဘာ ၂၆

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ သစ်တော ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျော့ချရေး ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ် သစ်တော ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်သစ်တော ဦးစီးဌာနမှ တာအုပ်ဦးဧယျာမိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့ ဖြစ်ပေါ်လာရသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများနှင့် ဆိုးကျိုးများ၊ မီးခိုးမြူငွေ့လျော့ချကာကွယ်နိုင်သည့် နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် သစ်တောများထိန်းသိမ်းခြင်း ဖြင့် သဘာဝဘေးအန္တရာယ်များ လျော့ချနိုင်မှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သိကောင်းစရာများအပြင် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းနည်းစနစ်များကို အသိပညာပေး ဟောပြောခဲ့သည်။



အဆိုပါ ဟောပြောပွဲသို့ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၅၂ ဦး တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူ

သာပေါင်း နိဝင်ဘာ ၂၆

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ဆင်ကူးကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဇော်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်စိုးလင်း၊ သာပေါင်းမြို့နယ်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူမှုအား ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။

လပေါ်တွင် ရေရှာဖွေရန်အတွက် လဆင်းယာဉ်ကို ဂျပန် စမ်းသပ်

တိုကျို နိုဝင်ဘာ ၂၆

ဂျပန်နိုင်ငံ အာကာသစူးစမ်းရှာဖွေရေးအေဂျင်စီ (JAXA) သည် လဆင်းယာဉ်နမူနာပုံစံတစ်ခုကို ပြသခဲ့ပြီး လပေါ်တွင် ရေရှိသည့်လက္ခဏာများကို ရှာဖွေရန်အတွက် အိန္ဒိယနှင့်အတူ ပူးပေါင်းကာ လုပ်ဆောင်မည့် မစ်ရှင်အတွက် အဆိုပါ နမူနာပုံစံကို အသုံးပြုသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံက လဝင်ရိုးစွန်း စူးစမ်းလေ့လာမည့် မစ်ရှင်အတွက် အဆိုပါယာဉ်ကို မောင်းနှင်အသုံးပြုသွားမည်ဖြစ်ပြီး အိန္ဒိယကမူ လဆင်းယာဉ် ထိန်းချုပ်မှုနှင့် တည်ဆောက်မှုအပိုင်းကို ပြုလုပ်သွားမည်ဖြစ်သည်။ JAXA သည် တိုကျို‌မြို့ရှိ စက်ရုံ၌ စမ်းသပ်ယာဉ်ကို စမ်းသပ်မောင်းနှင်ခဲ့ပြီး ရေအရင်းအမြစ်ရနိုင်ခြေရှိသည့် နေရာများကို စုံစမ်းရှာဖွေနိုင်ရန်အတွက် ကိရိယာများကိုလည်း လဆင်းယာဉ်ပေါ်တွင် တပ်ဆင်ထားကြောင်း JAXA က ပြောသည်။

ထို့အပြင် လမျက်နှာပြင်ကို တူးဖော်ပြီး ရရှိလာသည့် နမူနာပစ္စည်းများကို ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန် တူးဖော်ရေးကိရိယာကိုလည်း တပ်ဆင်ထားသည်။ လပေါ်တွင် ရေရှာဖွေရေးလုပ်ငန်းစဉ်မှာ အဓိကလုပ်ဆောင်မည့် လုပ်ငန်းစဉ်ဖြစ်ပြီး လူစိတ်ဝင်စားမည့် မစ်ရှင်ဟု မျှော်လင့်ကြောင်း JAXA မှ ဟိုရှိနို တာကီရှိ က ပြောသည်။ LUPEX



ဟု အမည်ပေးထားသည့် လဆင်းယာဉ်ကို ၂၀၂၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ကာဂိုရှိမားခရိုင် တာနီဂါရှိမာ အာကာသစခန်းမှနေ၍ H3 ဒုံးပျံဖြင့် လွှတ်တင်သွားမည်ဖြစ်သည်။ အင်နှအိတ်ချ်ကေ

စင်ကာပူနိုင်ငံ၌ AI ကြောင့် ကလေးများ၏ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း ထိခိုက်မည်ကို မိဘများကစိုးရိမ်နေကြ

စင်ကာပူ နိုဝင်ဘာ ၂၆

စင်ကာပူနိုင်ငံရှိ မိဘများ၏ ထက်ဝက်နီးပါးမှာ AI နည်းပညာက ၎င်းတို့ကလေးများ၏လွတ်လပ်စွာ တွေးခေါ်ခြင်းကို ထိခိုက်နိုင်မည်ကို စိုးရိမ်လျက်ရှိကြောင်း နိုဝင်ဘာ ၂၆ ရက် လေ့လာမှုတစ်ရပ်အရ သိရသည်။

စင်ကာပူနိုင်ငံ၌ မိဘ ၅၂၀ ပါဝင်သည့် TrendLife လေ့လာမှု စစ်တမ်းအရ ၎င်းတို့၏ကျောင်းနေအရွယ် ကလေးငယ်များမှာ AI နည်းပညာသုံး ကိရိယာများ သို့မဟုတ် လုပ်ဆောင်ချက်များကို တစ်ပတ်လျှင် တစ်ကြိမ်ထက်မနည်း အသုံးပြုကြကြောင်း မိဘ ၉၅ ရာခိုင်နှုန်းက ရာခိုင်နှုန်းက ပြောကြားသည်ကို တွေ့ရှိရသည်။ သို့သော် AI နည်းပညာသည် ၎င်းတို့ကလေးများ၏ ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် ပြဿနာများကို လွတ်လပ်စွာ ဖြေရှင်းနိုင်စွမ်းအပေါ် ထိခိုက်နိုင်မည်ကိုစိုးရိမ်ကြောင်း မိဘ ၄၄ ရာခိုင်နှုန်းက ဖော်ပြထားသည်။ ဆင်ဟွာ

အမေရိကန်တွင် ကုန်ဈေးနှုန်းနှင့် လုပ်ငန်းကုန်ကျစရိတ်များ ဆက်လက်မြင့်တက်

နယူးယောက် နိုဝင်ဘာ ၂၆

အမေရိကန်ဗဟိုဘဏ် (Federal Reserve) ၏ နောက်ဆုံးထုတ်ပြန်သည့် စီးပွားရေးအခြေအနေဆိုင်ရာ Beige Book အစီရင်ခံစာအရ နိုင်ငံတစ်ဝန်း ကုန်ဈေးနှုန်းများ အတန်အသင့် မြင့်တက်နေပြီး လုပ်ငန်းကဏ္ဍ အများအပြားတွင် ကုန်ကျစရိတ် ဖိအားများ ဆက်လက်ရှိနေကြောင်း သိရသည်။

နိုဝင်ဘာ ၂၅ ရက်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာသည် ဗဟိုဘဏ်၏ ခရိုင် ၁၂ ခုရှိ စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ခရိုင် ၁၂ ခုအနက် ၈ ခုတွင် စီးပွားရေးတိုးတက်မှု အနည်းငယ်မှ အတန်အသင့်အထိ ရှိနေကြောင်း ဖော်ပြထားသည်။

သို့သော်စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ သွင်းကုန်အခွန်နှုန်းနှင့် အခြားကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် လုပ်ငန်းများအပေါ် ဖိအားများရှိနေပြီး လာမည့်လများတွင်လည်း ကုန်ကျစရိတ်နှင့် ကုန်ဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်ကြောင်း စီးပွားရေးလုပ်ငန်းများက ခန့်မှန်းထားသည်။

အင်နှအိတ်ချ်ကေ

အင်ဒိုနီးရှား၌ ရွှေတွင်းရေလွှမ်းမှုကြောင့် ၁၃ ဦးသေဆုံးပြီး ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရေး ဆက်လက်ကြိုးပမ်း

ဂျကာတာ နိုဝင်ဘာ ၂၆

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဘိုဂေါမြို့ရှိ ရွှေတွင်းတစ်ခုအတွင်း ရေကြီး ဝင်ရောက်မှုကြောင့် အနည်းဆုံး လူ ၁၃ ဦး သေဆုံးခဲ့ပြီး အခြားလုပ်သားများလည်း မြေအောက်တွင် ပိတ်မိနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။



နိုဝင်ဘာ ၂၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေကြီးကာ ရွှေတွင်းအတွင်းသို့ ရေများ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ အချို့လုပ်သားများ လွတ်မြောက်ခဲ့သော်လည်း နိုဝင်ဘာ ၂၆ ရက်အထိ လူ ၁၃ ဦးမှာ မြေအောက် ဥမင်လိုဏ်ခေါင်းများအတွင်း ပိတ်မိနေသည်ဟု ယူဆရပြီး ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရေး ဆက်လက်ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ဥမင်လိုဏ်ခေါင်းကျဉ်းများအတွင်း ရေများကို စုပ်ထုတ်ပြီး ပိတ်မိနေသူများထံ ရောက်ရှိနိုင်ရန် ကြိုးပမ်းနေကြသည်။ ပျောက်ဆုံးနေသူများ၏ မိသားစုဝင်များကလည်း ၎င်းတို့၏ ချစ်ခင်သူများကို အမြန်ဆုံး ပြန်လည်တွေ့ရှိနိုင်ရန် မျှော်လင့်နေကြသည်။ အင်နှအိတ်ချ်ကေ

ခရီးသွားလာမှုနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယားတို့ သဘောတူလက်မှတ်ရေးထိုး

ဖနောင်ပင် နိုဝင်ဘာ ၂၆

ခရီးသွားလာမှု၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရုပ်ရှင်လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အတွက် ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နားလည်မှု စာချွန်လွှာတွင် နိုဝင်ဘာ ၂၆ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်ဟု ကမ္ဘောဒီးယား ခရီးသွားလာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယား ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံ၏ ဂျေဂျွန်း နိုင်ငံတကာ ဂီတနှင့် ရုပ်ရှင်ပွဲတော်တို့ကြား သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါနားလည်မှု စာချွန်လွှာ၏ ရည်ရွယ်ချက်မှာ ရေရှည် ပူးပေါင်းဆောင်ရွက်မှုမူဘောင်တစ်ရပ် ထူထောင်ရန်နှင့် ဖျော်ဖြေရေး အနုပညာ၊ ဂီတနှင့် ရုပ်ရှင်ကဏ္ဍများတွင် နှစ်စဉ်အပြန်အလှန်ဖလှယ်မှုများ ပြုလုပ်နိုင်ရန် ဖြစ်သည်။ ယင်းသဘောတူညီချက်ကို ၂၀၂၇ ခုနှစ်တွင် စတင်၍ အကောင်အထည် ဖော်နိုင်ရန် မျှော်မှန်းထားသည်။ ဆင်ဟွာ

သြစတြေးလျနိုင်ငံသားထက်ဝက်ကျော် တရားမဝင်မူးယစ်ဆေးဝါးများ သုံးစွဲခဲ့ဖူးကြောင်း အစီရင်ခံစာတွင် ဖော်ပြ

ကင်ဘာရာ နိုဝင်ဘာ ၂၆

သြစတြေးလျနိုင်ငံသား ၅၀ ရာခိုင်နှုန်းကျော်မှာ ၎င်းတို့၏ တစ်သက်တာအတွင်း တရားမဝင် မူးယစ်ဆေးဝါးများကို သုံးစွဲခဲ့ဖူးကြောင်း သြစတြေးလျ ကျန်းမာရေးနှင့် လူမှုဖူလုံရေး အင်စတီကျု (AIHW) က နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် ၂၀၂၅ ခုနှစ် အမျိုးသားမူးယစ်ဆေးဝါးမဟာဗျူဟာ အိမ်ထောင်စုစစ်တမ်း၏ တွေ့ရှိချက်များအရ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း သုံးစွဲသူ ၄၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာပြီး ၂၀၀၁ ခုနှစ် အမျိုးသားအဆင့် စစ်တမ်းတွင်မူ အသက် ၁၄ နှစ်နှင့်အထက် သြစတြေးလျနိုင်ငံသား ၃၇ ဒသမ ၇ ရာခိုင်နှုန်းသာ ၎င်းတို့၏တစ်သက်တာအတွင်း တရားမဝင် မူးယစ်ဆေးဝါးများ သုံးစွဲခဲ့ဖူးကြောင်း တွေ့ရှိခဲ့ရသည်။ ၂၀၂၅ ခုနှစ် စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ ၁၈ ဒသမ ၃ ရာခိုင်နှုန်းသည် လွန်ခဲ့သည့် ၁၂ လအတွင်း တရားမဝင်မူးယစ်ဆေးဝါး သုံးစွဲခဲ့ကြောင်း AIHW က ပြောကြားခဲ့ပြီး ယင်းပမာဏမှာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၇ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့သည်။

တရားမဝင် မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်းမြင့်တက်လာသော်လည်း အန္တရာယ်ရှိသည့် အဆင့်အထိ အသုံးပြုသည့် အသက် ၁၄ နှစ်နှင့်အထက် သြစတြေးလျနိုင်ငံသား အချိုးအစားမှာ ၂၀၀၁ ခုနှစ်တွင် ၃၈ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၃၀ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် စံချိန်တင် အနိမ့်ဆုံးအဖြစ် ၂၆ ဒသမ ၁ ရာခိုင်နှုန်း သို့ ကျဆင်းသွားကြောင်း စစ်တမ်းအရ သိရသည်။

ဆင်ဟွာ

မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှု မြင့်တက်နေသော်လည်း သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုကျဆင်း

ကွာလာလမ်ပူ နိုဝင်ဘာ ၂၆

မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် ဆေးဘက်ဆိုင်ရာစွန့်ပစ်စွဲညစ်ပေစေမှု မြင့်တက်လာသော်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် အဆိုပါရောဂါကြောင့် သေဆုံးမှုများမှာ သိသိသာသာ လျော့ကျသွားကြောင်း စာရင်းအင်းဦးစီးဌာန၏ နိုဝင်ဘာ ၂၆ ရက် ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ရေကြီးမှုဖြစ်ရပ် ၁၆၃၉ ခု ဖြစ်ပွားခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၁၃၄၅ ခု ဖြစ်ပွားခဲ့သည်ဟု အဆိုပါဌာနက ထုတ်ပြန်ထားသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ်တွင် ၅၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ယင်းဌာနက ဆက်လက်ဖော်ပြထားသည်။

ထို့အပြင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေမှာ ၂၀၂၄ ခုနှစ်တွင် ၁၁၇ ဦး ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၄၇ ဦးအထိ ကျဆင်းသွားခဲ့သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဆင်ဟွာ

ဘရာဇီးနိုင်ငံ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသခံ ၁၀၀၀၀ ခန့် ရေဘေးကြုံတွေ့

ဆော်ပေါ်လို နိုဝင်ဘာ ၂၆

ဘရာဇီးနိုင်ငံ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မုန်တိုင်းများတိုက်ခတ်မှုကြောင့် တစ်နှစ်အရွယ် ကလေး တစ်ဦးအပါအဝင် ရုပ်ဦးထက်မနည်း သေဆုံးကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အာဂျင်တီးနားနှင့် ပါရာဂွေးနိုင်ငံတို့နှင့် ထိစပ်နေသည့် ပါရာနာပြည်နယ်တွင် သေဆုံးသူ ခြောက်ဦးရှိခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်မှ စတင်ကာ မြို့နယ်အများအပြားရှိ ဒေသခံ ၁၀၀၀၀ ခန့်မှာ ရေကြီးနစ်မြုပ်ခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းတို့နှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဆော်ပေါ်လိုပြည်နယ်အတွင်းရှိ မွန်တီ အယ်လ်ဂရီ ဒို ဆူးလ် မြို့နယ်တွင် မြေပြိုမှုကြောင့် နေအိမ်တစ်လုံး မြေပိခဲ့ပြီးနောက် အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ အသက် တစ်နှစ်အရွယ် သားဖြစ်သူတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ပခုက္ကူမြို့၌ သီတဂူစကွဲဒါနမျက်စိအထူးကုအဖွဲ့မှ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

ပခုက္ကူ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ သီတဂူစကွဲဒါနတံတားဦး ဆေးရုံ၌ နီပေါနိုင်ငံမှမျက်စိ အထူးကု ပါရဂူဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမှ မျက်စိအထူးကု ပါရဂူဆရာဝန်ကြီးများဦးဆောင်သော သီတဂူစကွဲဒါန မျက်စိအထူးကုအဖွဲ့က ယနေ့နှံနက်ပိုင်းမှ စတင်ပြီး မျက်စိဝေဒနာရှင်ပြည်သူများအား စမ်းသပ်စစ်ဆေးပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ကြပြီး တစ်ရက်လျှင် စမ်းသပ်စစ်ဆေး လူနာ ၄၀၀နှုန်းနှင့် ခွဲစိတ်ကုသရန်လိုအပ်သည့်လူနာ ၁၅၀ နှုန်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ လုပ်ငန်းများလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များနှင့် ဒေသခံပြည်သူများက မျက်စိ



ဝေဒနာရှင်များအား ပြည်သာယာခန်းမ၌ စနစ်တကျစုဝေးစေပြီး မော်တော်ယာဉ်များဖြင့် အသုတ်လိုက် ပို့ဆောင်ပေးခြင်း၊ စာရင်းများ ရေးသွင်းပေးခြင်း၊ နေရာချထားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဘာမီသာ(ပခုက္ကူ)

တီးတိန်မြို့၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာဆင့်ပွားသင်တန်းဖွင့်

တီးတိန် နိုဝင်ဘာ ၂၆

ချင်းပြည်နယ် တီးတိန်မြို့၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာဆင့်ပွားသင်တန်းအမှတ်စဉ်(၂/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုင်ဦးနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ခံ ဦးခွါလင်လျန်းမုန့်တို့က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာများသို့ မွေးမြူရေး၊ စိုက်ပျိုးရေး၊ မြေစာရင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ပေးအပ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ရပ်ကွက် ၄ရပ်ကွက်နှင့် ကျေးရွာ ၁၅ရွာမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးသင်တန်းသား ၉၂ ဦးနှင့် ခရိုင်နှင့် မြို့နယ်အဆင့်သက်ဆိုင်ရာဌာနများ တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❍ *ကျောဖုံးမှ*

အပတ်စဉ်(၇) တတိယနေ့ပွဲစဉ်ကို နိုဝင်ဘာ ၂၇ ရက်တွင် သီဟဒိပကွင်း၌ VUE နေပြည်တော်နှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-MLII

သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာဇ၏။

❖ *ကျောဖုံးမှ*

တစ်လုံးတည်းသော ချေပဂိုးကို ခွန်မိုးထက်က ၈၉ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ပွဲစဉ် အကောင်းဆုံးကစားသမားဆုကို ရတနာပုံအသင်းမှ စထွန်းအာဝါက ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ရန်ကုန်စီးတီးအသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ရာသီပတ်ပွဲစဉ်ကို အနိုင်ဖြင့် အဆုံးသတ်နိုင်ခဲ့ပြီး ရမှတ် ၄၃ မှတ်ဖြင့် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ အဆိုပါပွဲစဉ်တွင် မြဝတီအသင်းက ပွဲချိန် ၁၂ မိနစ်တွင် ပေါ်ရှင်းဆန်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ရန်ကုန်စီးတီးအသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးကို ၃၉ မိနစ်တွင် ကျော်မင်းမောင်(ပယ်နယ်တီ)နှင့် ၈၅ မိနစ်တွင် ထွန်းလင်းအောင်တို့က ပြန်လည်သွင်းယူခဲ့သည်။ ပွဲစဉ် အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်စီးတီးအသင်းမှ ကျော်မင်းမောင်က ရရှိခဲ့သည်။

အပတ်စဉ်(၂၆) ရာသီပတ် တတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၂၇ ရက်တွင် ဗဟန်းကွင်း၌ စစ်ကိုင်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ YUSC ကွင်း၌ ချင်းလန်းနှင့် GALAXY အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး

ဓာတ်ပုံ-ML

◆ *ကျောဖုံးမှ*

တိုက်စစ်ကစားသမား လူးဝစ်ဆွာရက်ဇ်၏ ပယ်နယ်တီသွင်းဂိုးကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်နေခဲ့သည်။ မန်ယူအသင်းဂိုးသမား လန်းမန်စ်သည် လူးဝစ်ဆွာရက်ဇ်၏ အစောပိုင်းရရှိသည့် ပယ်နယ်တီကန်သွင်းချက်ကို ကာကွယ်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ဒုတိယပိုင်း ပြန်လည်စတင်ပြီး မကြာမီတွင် အသင်းခေါင်းဆောင် ဖာနန်ဒက်စ်က နှစ်မိနစ်အတွင်း နှစ်ဂိုးသွင်းယူကာ ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ သို့သော်လည်း မိနစ် ၈၀ တွင် စပို့တင်းအသင်းတိုက်စစ်ကစားသမား လူးဝစ်ဆွာရက်ဇ်ကနောက်ပြန်ကန်ချက်ဖြင့် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်း ဖြစ်သည်။

မန်ယူ ကွင်းလယ်ကစားသမား တိုင်လီမန်းစ်သည် ပွဲချိန်ပြည့်ခါနီးတွင် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ အခြားပွဲစဉ်ရလဒ်များတွင် ဘာစီလိုနာက ဆာဘာကို လေးဂိုး - တစ်ဂိုး၊ ဗီလာရီးရဲက ဆလာဗီယာကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကို မက်ဒရစ်က ဗိုက်ကင်းကို နှစ်ဂိုး-ဂိုးမရှိ လီဗာပူးက ကလပ်ဘရုဂ်ဂေးကို သုံးဂိုး-ဂိုးမရှိ၊ အင်တာမီလန်က စတုဂတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ လိုင်လီက ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဖီနာဘာချီက ရက်တာဒိုးနက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲ အသီးသီးရရှိပြီး ဝီအက်စ်ဂျိနှင့် ရိုးမားအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အောင်ဇော်

❑ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နောင်ချိုမြို့နယ် ပါဟတ်ရပ်ကွက်အနီးတွင် နောင်ချိုမြို့ ဘူတာရပ်ကွက် နယ်မြေ(၁၂)နေ စိုင်းစွမ်ခေး(၂၇)နှစ် မောင်းနှင်လာသော CANDA CZI အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင်ဖမ်းဆီးရမိစိတ်ကြွဆေးပြားများ ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ မလွှေကြည်(ခ)နန်းလောင်(၄၈)နှစ်အား နောင်ချိုမြို့နယ် တဲတိုက်ကျေးရွာရှိ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိသဖြင့် စိုင်းစွမ်ခေးနှင့် မလွှေကြည်(ခ)နန်းလောင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူနိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ ကျလား(၂၈)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေသူ စိုးလာမူ(၃၀)နှစ်တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ၃၃ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၈၀၅ သိန်း)၊ HAPPY WATER ၅ ဒဿမ ၂ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၈၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၁၆၀)၊ ကက်တမင်းအဆိ ၁ လီတာ(တစ်လီတာလျှင်ငွေကျပ်သိန်း ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀၀)၊ အက်တက်စ်ဆေးပြား ၁၀၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၃၀)၊ ကက်တမင်း ၀ ဒဿမ ၃ ကီလို (တစ်ကီလိုလျှင် ၁၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း)၊ စိတ်ကြွဆေးပြား ၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် ကျလား၊နှင့် စိုးလာမူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



ရောဝတီမြစ်ရေ မန္တလေးမြို့၏ ရေနည်းသတိပေးအမှတ် ၃၆၀ စင်တီမီတာအောက်ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၇၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၆-၁၁- ၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ	အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ဘားအံမြို့	၃၇.၀	၉၈.၆
၂။	ထားဝယ်မြို့	၃၇.၀	၉၈.၆
၃။	မော်လမြိုင်မြို့	၃၆.၀	၉၆.၈
၄။	မြဝတီမြို့	၃၅.၅	၉၅.၉
၅။	ချောက်မြို့	၃၅.၄	၉၅.၇
၆။	ပဲခူးမြို့	၃၅.၁	၉၅.၂
၇။	ကော့ကရိတ်မြို့	၃၅.၀	၉၅.၀
၈။	ရေးမြို့	၃၅.၀	၉၅.၀
၉။	ဘီးလင်းမြို့	၃၅.၀	၉၅.၀
၁၀။	မုဒုံမြို့	၃၄.၈	၉၄.၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၁-၂၀၂၆ သောကြာနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌများကပို့ချ တရားတော်ရွတ်တော်မူတော်မြင်း
၀၆:၃၀ နံနက်ခင်းသတင်း
၀၈:၃၀ အမြည်းမြည်းဆိုင်ရာသစ်တောနေ့အထိမ်း အမှတ်အတိုးတဆင့် ဒီမိုးလန်ဒီဇုံပြမြန်မာမြေ သစ်ပင်ပိုက်လုံးအောချမ်းစေ
၀၉:၁၀ ကျွန်းသစ်သောကာကိစ္စ
၀၉:၃၀ Soccer View
၁၀:၃၀ နိုင်ငံတော်သမ္မတလုံးဆိုအုပ်ချုပ်ရေး သတင်းစာရွက်သင်္ကေတ(အပိုင်း-၃)
၁၁:၃၀ လူမှုစီးပွားသတင်းများ
၁၂:၃၄ မြန်မာတက်လမ်းတွဲ **ငါးပိ** (အပိုင်း- ၂၅)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငြားတက်လမ်းတွဲ **ငွေထောင်းဘုရားတော်** (အပိုင်း-၃)
၁၅:၁၅ လူငယ်ရေးရာအစီအစဉ်
၁၆:၃၀ ပြိုးဂုဏ်တင်းဆိုကဆရာတော်းအလွေ
၁၈:၃၀ ကမ္ဘာ့ပြည်လိုင်ရိုးတစ်ဆိတ်(ကျိုက်ထီးရိုး ဘုရားဖူးလှီးစဉ်)(အပိုင်း-၁)
၁၉:၂၅ Weekly Sports Info
၁၉:၃၅ သံဆင့်မြို့မြန်မာတေးအလှ
၁၉:၃၀ မြန်မာတက်လမ်းတွဲ **ငါးပိ** (အပိုင်း- ၂၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၃၀ 'K-Music Show' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၂၂:၁၅ ရုပ်မြင်သံကြားတက်လမ်း

mitv

07:01 Evergreen Classic; Mingalar Su Taung (Kyawt Kay Khaing)
07:08 Taungoo City Travelogue
07:35 Popsicle Sticks Art Creator
07:48 Listening Pleasure, Instrumental Music (Don Min) Mya Nanda
08:01 News
08:26 Sports & Games
08:35 Myanma Gone Yi U Sein Tun Kyi
09:01 The Four Famous of Bagan
09:20 Hnin Zi Gone Home for the aged
10:01 News

MRTV NRC

ချင်း (ပိုင်ဒိုး) (၀၆:၀၀ မှ ၀၇:၀၀) ကုန်းဘရေးအတွက်ကောင်းကျိုးများသည့် ပဟာဒကြံဆစ်
ချင်း (ဇီးဖူး) (၀၇:၀၀ မှ ၀၈:၀၀) ချင်း(ဇီးဖူး)တိုင်းရင်းသိုက်သားယောဘင်
မူန့် (၀၈:၀၀ မှ ၁၀:၀၀) သစ်တိုးပိုးတက်သားချက်နဲ့မှုမြင်းရည်
ရိုင် (၁၀:၀၀ မှ ၁၂:၀၀) ဂူးစောင်းလက်ပစ်ခါကုန်းဘရး
ရုံး (၁၂:၀၀ မှ ၁၄:၀၀) ပေါ့ဖွံ့နှင့်ဝေ့ဖွံ့နှယ်စပ်ကသားယာရာလုပ သင်းခါင်းတောင်းအလှ
၀ (၁၄:၀၀ မှ ၁၆:၀၀) '၀' ဘာသာစကားပြောကြားရေးအား
ကချင် (၁၆:၀၀ မှ ၁၈:၀၀) ဒံကြက်ဝုတင်းလုပ်စာကြယ်
ကယား (၁၈:၀၀ မှ ၂၀:၀၀) မြင်းတွေ့ဝေ့ဂြိုးကယားတိုင်္ဂနေ
ဝေကကရင် (၂၀:၀၀ မှ ၂၂:၀၀) နေ့ဝီယာန်းချုင်္ဂဝ်မြင်းနှင့်ဝေ့ဖွံ့ရေး
ဘနာက်ပိုးကရင် (၂၂:၀၀ မှ ၂၂:၀၀) ပိတ္ထီလာကန်သိုးသည်ဘင်းဆိုက်
ဘရှ ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ဆွေညီနာမ်များဘာသာစကားဖြင်းချစ်ကြည်စေရည် အမိမြန်မာဖြည်(အပိုင်း-၃)

MRTV NEWS

၀၆:၀၀ အဖွင့်တေးသီချင်း
၀၆:၀၅ လှပ်လှပ်ရှားအားကစား
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကဏ္ဍ(LIVE)
၁၈:၁၅ Football Highlights
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၅ ကမ္ဘာ့ရုပ်ရှင်ဖြစ်ကမ္ဘာ
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၇:၀၀ အဖွင့်:အလံ
၀၇:၃၀ တတိယအကြိမ်မြည်းထောင်စုတွင်တော် တတိယပုံမှန်အစည်းဝေး (Replay)
၂၀:၀၀ ပြည်တွင်းသတင်း (၂၇-၁၁-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အဖွင့်:နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၀၆:၂၅ ရက်ကိုတိုးနိုင်ငံလွှင်ဝစီဘူးသီးနှံ စိုက်ပျိုးကြပါစို့
၀၇:၃၀ စိုက်ပျိုးရေးမြေဩဇာဘက်
၀၈:၀၀ တောင်းလက်ကွန်ရက်
၀၉:၀၀ အရာထမ်းကြောင်းမွန်းနေပြည်တော် လက်ဆောင်မွန်ဝင်ကြယ်မုန်တိုက်
၁၀:၃၀ ပုပ်မှာမိုးတွေ့ရှာဝုန်းက(အပိုင်း-၀) (မြန်မာဇာတ်လမ်းတွဲ)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၃၅ Sports Diary
၀၇:၃၀ Soccer View
၀၈:၀၀ (၃၃)ကြိမ်မြောက်အရှေတောင်းအရှ အားကစားပြိုင်ပွဲ(အမျိုးသား) ပိုက်ကွက်ပြင်း ပြိုင်ပွဲ (Replay) (မြန်မာ Vs ဝီယက်နမ်)
၁၀:၀၀ အားကစားသတင်း

Scan Here



Education Channel



တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၂၆

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၎င်းပေမှ ၃မှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

"K – Music Show" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အား သစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်၊ သောကြာနေ့ ညပိုင်းတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တိုးတက်စေရန် "K– Music Show" တေးဂီတဖျော်ဖြေပွဲကို ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ကိုရီးယားနိုင်ငံမှ နာမည်ကျော် အနုပညာရှင်များ ဖြစ်ကြသည့် Song Young Woong၊ Soe Eve တို့နှင့် အတူ Changer Group တို့လည်း ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

"K – Music Show" တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၇ ရက်၊ သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့် အပြင် နိုဝင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၈ - ၁၁ - ၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈) အမှတ် (၄၈) တွင် အလုပ်ကိစ္စများကို လုပ်ဆောင်ရာ၌ အချိန်အခါနှင့်အညီ လိုက်လျောညီထွေ မလုပ်ဆောင်နိုင်ခဲ့၍ မိမိတို့ လုပ်ဆောင်ရမည့် တာဝန်များ မအောင်မြင်ခဲ့သော လူငယ်လေး ၄ ဦး အကြောင်းကို သရုပ်ဖော်ထားသည့် "အတတ်ကျူး အရူးဖြစ်" မျက်နှာဖုံးကာတွန်း၊ ဆောင်းရာသီတွင် ဖြစ်လေ့ရှိသော အသားပပ်ခြင်းနှင့် ပတ်သက်၍ သတိပြုရှောင်ကြဉ်ရမည့် အချက်များနှင့် လိုက်နာရမည့် အချက်များကို ဗဟုသုတရဖွယ်ရေးသားထားသည့် "ဆောင်းရာသီမှာအသားအရေခြောက်သွေ့ခြင်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို ဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ အချိန်တိုင်း စာကိုသာ ကြိုးစားသင်ယူနေရ၍ ကစားချိန် မရှိသည့် မြင်ကွင်းအကြောင်းကို ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "မြင်ကွင်း - ကစားချိန်" နှစ်မျက်နှာကာတွန်း၊ ဆင်းရဲလွန်း၍ ရွယ်တူကလေးများနှင့် တန်းတူအခွင့်အရေးများ မရရှိခဲ့သည့် ကလေးငယ် တစ်ဦးနှင့် သူ့ကို ကျောင်းတက်နိုင်စေရေးနှင့် လိမ္မာရေးခြားရှိစေရေးအတွက် ကူညီပေးကြသည့် ဆရာ၊ ဆရာမများ အကြောင်းကို ရေးသားထားသည့် "ကြယ်စင်သစ်အလင်း" ဝတ္ထုကဏ္ဍ၊ သူတစ်ပါးပစ္စည်းကို ခိုးယူခဲ့၍ ဘုရင်ကြီး၏ အပြစ်ဒဏ်ပေးခြင်းကို ခံခဲ့ရသော မြို့စားကြီး ကတော်သားအမိနှင့် လှပဆန်းကြယ်သောဖိနပ်ကို တီထွင်ချုပ်လုပ်နိုင်ခဲ့သော မနှင်းဖြူ လေးအကြောင်းကို ရေးသားထားသည့် "ဖိနပ်ချုပ်သမလေး မနှင်းဖြူ" ပုံပြင်ကဏ္ဍ၊ သူတစ်ပါးကို ဆရာလုပ်မ၍ အသက်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသော လိပ်ကလေး အကြောင်းကို သရုပ်ဖော်ထားသည့် "ဆရာလုပ်သော လိပ်" နှစ်မျက်နှာကာတွန်း၊ အခြား ရွယ်တူကလေးများကို ရန်လုပ်တတ်ပြီး အပေါင်းအသင်း မလုပ်ဘဲနေရာမှ မိမိတွင် အန္တရာယ်နှင့် ကြုံသောအခါ ၎င်းတို့ထံမှ အကူအညီရယူခဲ့ရပုံကို သရုပ်ဖော်ထားသည့် "ဖြိုးရဲ - သူငယ်ချင်း" နှစ်မျက်နှာကာတွန်း၊ ဘဏ်စာရင်းဖွင့်ချင်သူနှင့် ဘဏ်ဝန်ထမ်းတို့ အပြန်အလှန် ပြောဆိုဆွေးနွေးပုံ အကြောင်းကို အသုံးအနှုန်းအမျိုးမျိုးဖြင့် လေ့လာနိုင်မည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။ တစ်စောင် ၄၀၀ ကျပ်ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

သတင်းစဉ်



နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၂ ဒသမ ၃၁၁၆ တန်၊ သစ်မာ ၃ ဒသမ ၀၃၀၆ တန်၊ အခြား ၂၄ ဒသမ ၃၅၀၀ တန်၊ စုစုပေါင်း ၃၉ ဒသမ ၆၉၂၂ တန်၊ ယာဉ်/ယန္တရား ခြောက်စီး၊ တရားခံ ကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင်ကျင်းပမည့် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ ဒသမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် အသက် ၈၀ နှင့်အထက် သက်ကြီးအသင်းဝင်များ ပူဇော်ပွဲအတွက် ဦးထွန်းအောင်မိသားစု(GENSECON MYANMAR LTD) က အလှူငွေကျပ် ၁၀ သိန်း၊ ကြေးမုံသတင်းစာတိုက် ငွေစာရင်းအရာရှိ (ဦးထိန်ဝင်း) အား ရည်စူး၍ USA နေ ညီအစ်မများဖြစ်ကြသော ဒေါ်သန်းသန်းငြိမ်း၊ ဒေါ်မြမြဦး၊ ညီ ဦးဝင်းဇော်နှင့် ဇနီး ဒေါ်ခင်စောယုတို့က အလှူငွေကျပ်လေးသိန်း၊ နယူးလိုက်ဝန်ထမ်းဟောင်း ဒေါ်စန်းမြင့် (ခေတ္တ–ဂျပန်)က အလှူငွေကျပ် သုံးသိန်း၊ ဦးသိန်းမြင့်(စိမ်းလန်းရွှေမြေကုမ္ပဏီ)က အလှူငွေကျပ် သုံးသိန်း၊ သီရိသုဓမ္မမဏိဓောတရ ဦးလှမြင့်(ရန်ကုန်)က အလှူငွေကျပ် တစ်သိန်း၊ မယုဇနအောင်(ပိုးအို) (ခေတ္တ–ဂျပန်)က အလှူငွေကျပ် ငါးသောင်း၊ ဦးမိုးယုဝင်း(အလုံ)က အလှူငွေကျပ် ငါးသောင်းနှင့်



ဦးအောင်သူရ(ပြင်ပသတင်းထောက်)က အလှူငွေကျပ် နှစ်သောင်း စုစုပေါင်း အလှူငွေကျပ် ၂၂ သိန်း သုံးသောင်းတိတိအား ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

အေးသန်း(စိန်တုံးကြီး)

ခန္တီးမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ခန္တီး နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း



စီမံကိန်း(VDP)ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းထိုက်နှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုမိုအောင်ဝင်းတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရပ်နားကျေးရွာ ရွာတွင်းကျောက်ရောခြေဝင်းခြင်းလုပ်ငန်း၊ မှန်ပင်ကျေးရွာ မြစ်ကမ်းပါးထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကတိုးကျေးရွာ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၅၀ စီအား တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် မူလတန်းကြိုကျောင်းသားများအား ထောက်ပံ့ခြင်းနှင့် အာဟာရကျွေးမွေးခြင်း ဆောင်ရွက်

ပြည် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းဌာ ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးအား အာဟာရနှင့် ဆေးဝါးများထောက်ပံ့ပေးအပ်ခြင်းနှင့် မူလတန်းကြိုကျောင်းများ၌ အာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီဖိုး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်ဝိုင်ဖွန်မ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဦးနှင့် အဖွဲ့ဝင်များက သားဖွားခန်းရှိ ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးအား ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် ကိုယ်ဝန်ဆောင်အားဆေးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် ရွှေကူရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူများအား ကာယာဉာဏာစွမ်းရည် ကဗျာရွတ်ဆိုစေခြင်းနှင့် ကြက်သားဆန်ပြုတ်၊ ငှက်ပျောသီးတို့ဖြင့် အာဟာရတိုက်ကျွေးခဲ့ပြီး ခေတ္တရာရပ်ကွက်ရှိ ခေတ္တရာမူလတန်းကြိုကျောင်းမှ ကျောင်းသားကျောင်းသူများအား ပဲနို့၊ ငှက်ပျောသီး၊ ချောကလက်ပေါင်မုန့်နှင့် နို့ပေါင်မုန့်တို့ဖြင့် အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၂၆

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဝမ်တုန်ရွာနေ အမျိုးသမီးတစ်ဦးကို ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်နေသူ နန်းခမ်းလူနှင့် ပန်ဆန်းမြို့နေ အိုက်သန်းတို့က Messenger မှ ပန်ဆန်းမြို့ရှိ အကင်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် တရုတ်ယွမ် ၃၅၀၀ ရရှိမည်၊ လုပ်ကိုင်မည်ဆိုပါက ခရီးစရိတ်/စားစရိတ် စိုက်ထုတ်ခေါ်ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး ပန်ဆန်းမြို့မှတစ်ဆင့် တရုတ်နိုင်ငံ စန်းတုန်းပြည်နယ်နေ နန်းခမ်းလီထံသို့ပို့ဆောင်ကာတရုတ်အမျိုးသားတစ်ဦးနှင့် အမမွေလက်ထပ်စေရန် တရုတ်ယွမ် ၁၇၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် တန့်ယန်းမြို့မ ရဲစခန်း(ပ)၄၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၂၀ ရက်တွင် တန့်ယန်းခရိုင်တရားရုံးက ဖမ်းမိတရားခံ နန်းခမ်းလူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ် ကျခံစေရန် အဓိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အိုက်သန်းနှင့် နန်းခမ်းလီတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂၆-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၁ ~ ၃၆၆၆.၄	၅၅၇.၃ ~ ၅၅၇.၉	၁၂၅.၃ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၄,၄၅၇,၇၉၁.၈၁	၁,၅၃၃,၃၂၆.၆၄	၄၉,၂၈၄,၃၈၉.၉၁	-

ကျောင်းစာကြည့်တိုက်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်တင်ရေး ဆောင်ရွက်

စလင်း နိုဝင်ဘာ ၂၆

စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ ပျော်ရွှင်သုတစာကြည့်တိုက် အထက ဆင်ဖြူကျွန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ကျောင်းစာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းတွင်းစာဖတ်ရှုနိုးဆွတ်တင်ရေး နံရံကပ်စာစောင်ပြပွဲနှင့် စာမူရှင်းဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ၂၅ ရက်က စာကြည့်တိုက်ခန်းမရှေ့၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ယဉ်မွန်နှင့် စာကြည့်တိုက်တာဝန်ခံတို့က စာပေလေ့လာဖတ်ရှုခြင်း ဆိုင်ရာများ အသိပညာပေးပြောကြားကြပြီး နံရံကပ်စာစောင်တွင် ပါဝင်ရေးသားခဲ့ကြသည့် Grade–6 မှ Grade–9 ယှဉ်ပြိုင်သူ ၆၅ ဦးတို့က ရသစာတမ်းငယ်၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပုံစတာပြိုင်ပွဲများခေါင်းစဉ်များအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ထူးချွန်စာမူရှင် ကျောင်းသားကျောင်းသူ ၁၇ ဦးအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ အင်အား ၇၀၀ ခန့်က ကျောင်းစာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ရေးသားဖန်တီးထားသည့် ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် ပန်းချီလက်ရာများပါဝင်သော နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မောင်လွင်(စလင်း)



စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိဿာ ငွေကျပ် ၇၃၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၆

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသုံလျှော်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်လျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသုံလျှော်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

၂၆ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ဒကွိဏာသီရိမြို့နယ်၌ နံကောက်မျိုး မိုးစပါးစံကွက်ရိတ်သိမ်း

နေပြည်တော် နိုဝင်ဘာ ၂၆

နေပြည်တော် ဒကွိဏာသီရိမြို့နယ် ရွာမကျေးရွာအုပ်စု၌ နံကောက်မျိုး မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ယနေ့ နံနက် ပိုင်းတွင် ကွင်းအမှတ် (၁၆၇)



ကွင်း ဦးပိုင်အမှတ် (၃၆) အတွင်းရှိ တောင်သူဦးဇော်ဇော်၏ လယ်မြေ ၀ါးဇကာ၌ ဆောင်ရွက်ခဲ့ရာ နံကောက်မျိုးမိုးစပါး အစိုအထွက် နှုန်းမှာ တစ်ဧကလျှင် တင်း ၁၃၀ နှင့် အခြောက်အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၁၃ ဒသမ ၀၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဝင်က စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးမြေ၊ ရေ နည်း စနစ်တကျ မှန်ကန်အောင် စိုက်ပျိုးကြရန်နှင့် ရေပေးမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ကြရန် လိုအပ်ချက်များကို မှာကြားခဲ့သည်။

သျှင်ဦးမောင်(ဒကွိဏာ)

အောင်လံမြို့၌ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

အောင်လံ နိုဝင်ဘာ ၂၆

အောင်လံမြို့နယ်၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်က လူထုအခြေပြုဗဟိုဌာနခန်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းတင့်က ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက မိုးသောက်ပန်းဂျာနယ်တွင် ပါဝင်သည့် လောကကို အလှဆင်သူများ ကလေး၀တ္ထုတိုကို ဖတ်ရှု၍ ပြန်လည်ဆွေးနွေးကြရာ ပြန်လည်ဆွေးနွေးမှုအကောင်းဆုံး ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။



ထို့နောက် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်များကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြသည်။

အာကာ(ပြန်/ဆက်)

ကြိုပင်ကောက်မြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး

ကြိုပင်ကောက် နိုဝင်ဘာ ၂၆

အယ်လ်နီညို ဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကြိုပင်ကောက်မြို့နယ် မင်းအိုကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဇော်မင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်လွန်ကဲမြင့်မားခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် မိုးခေါင်ရေရှားမှုပြဿနာများကို ရင်ဆိုင်ရလေ့ရှိသည့်အတွက် သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေး ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရန်နှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာများကို ဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ကြိုပင်ကောက်မြို့နယ် မင်းအိုကျေးရွာအုပ်စုအတွင်းရှိ မင်းအို၊ သံပုရားကုန်း၊ ညောင်တန်း စသည့် ကျေးရွာသုံးရွာမှကျေးရွာနေ ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ပြီး သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

သန်းလွင်(မကွေး)

ကျောက်တံခါးမြို့နယ်၌ (၃၅)ကြိမ်မြောက် နှစ်ကျပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်

ကျောက်တံခါး နိုဝင်ဘာ ၂၆

ကျောက်တံခါးမြို့နယ်၌ (၃၅)ကြိမ်မြောက် နှစ်ကျပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းက ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျင်ဆန်းနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နှစ်ကျပ်ရှစ်ဆူဘုရားများအား အလှပြယာဉ်များဖြင့် ပင့်ဆောင်ကာ ဗိုလ်ချုပ်လမ်းမကြီးမုခ်ဦးရှေ့မှ မြို့အတွင်းသို့ ဒေသစာရီလှည့်လည်ပူဇော်ခံမှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်



အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မျိုးမင်း(ပြန်/ဆက်)

သရက်ချောင်းမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

သရက်ချောင်း နိုဝင်ဘာ ၂၆

သရက်ချောင်းမြို့နယ် ပန်းတော ရပ်ကွက် ကွင်းအမှတ် (၃၇၆ BN) ဧရိယာနှစ်ဧကရှိ တောင်သူ



ဦးစိန်တင်၏ အောင်နိုင်တိုးစပါးစံပြကွက်အား ယနေ့ နံနက်က ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ပျမ်းမျှအခြောက် ၁၀၃ ဒသမ ၅၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းက တောင်သူပညာပေး စံပြကွက် စိုက်ပျိုးရခြင်းမှာ လာမည့် မိုးစပါးတွင် အောင်နိုင်တိုးစပါး တိုးချဲ့စိုက်ပျိုးလာစေရန်၊ စိုက်နည်းစနစ် မှန်ကန်အောင် စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်၍ အချိန်ကိုက် အချိုးကျထည့်သွင်းပြီး ဘက်စုံပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းကြောင့် ယခုကဲ့သို့ အထွက်နှုန်းကောင်းမွန်ခဲ့ကြောင်းနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် သက်ရောက်မှုများအပေါ် ဆောင်ရွက် ရမည့်အချက်များကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ပြည့်ဖြိုးပိုင်
(ပြန်/ဆက်)

မြိတ်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ

မြိတ် နိုဝင်ဘာ ၂၆

မြိတ်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စစ်တုရင်အသင်းဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင်မောင်းမယ်များအား စစ်တုရင်သမိုင်းကြောင်းနှင့် မျိုးဆက်သစ်စစ်တုရင် အားကစားသမားကောင်းများ ဖြစ်လာစေရန်၊ မြို့နယ်ဂုဏ်ဆောင်၊ တိုင်းဒေသကြီးဂုဏ်ဆောင်များ ဖြစ်လာသည်အထိ ကြိုးပမ်းကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက စစ်တုရင်ပြိုင်ပွဲကို အကွက်တစ်ကွက်ရွှေ့၍ ပြိုင်ပွဲစတင်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကာ အခြေခံပညာကျောင်းခြောက်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ခိုင်ထူး(ပြန်/ဆက်)



ကျိုက်လတ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲကျင်းပ

ကျိုက်လတ် နိုဝင်ဘာ ၂၆

ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရရှိန်တို့က သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် သင်တန်းဖွင့်လှစ်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ထူးချွန်ဆုနှင့် သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ သင်တန်းကို သင်တန်းသူ ၂၀ ဖြင့် ၄၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ စားအုန်းဆီဆိုင်များအား ရည်ညွှန်းစျေးဖြင့် ရောင်းချရေးဆောင်ရွက်

ပန်းတောင်း နိုဝင်ဘာ ၂၆

ပန်းတောင်းမြို့နယ် ဥသျစ်ပင်မြို့၌ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ၊ ပန်းတောင်းမြို့နယ် စားအုန်းဆီ ဖြန့်ဝေရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများပူးပေါင်း၍ ယမန်နေ့က ဥသျစ်ပင်မြို့ရှိ စားအုန်းဆီ လက်လီ၊ လက်ကား အရောင်းဆိုင်များမှ ပြည်သူ့အရောင်းဆိုင်များကို ပြည်သူများထံသို့ ရည်ညွှန်းစျေးအတိုင်း အပြည့်အဝရောင်းချပေးမှု ရှိ မရှိနှင့် စျေးနှုန်းဖြင့်တင် ရောင်းချနေမှု ရှိ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)





ကျောင်းကုန်းမြို့၌ ဆောင်းနေကြာမျိုးစေ့ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၂၆

၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းနေကြာစိုက်ပျိုးပွဲကို ကျောင်းကုန်းမြို့နယ် ကညင်သံုးဆင့် ကျေးရွာအုပ်စု ကွင်းအမှတ် ၂/၃၈၆ (B) တောင်သူဦးနိမ်၏ လယ်မြေနှစ်ဧကခွဲ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ရှေ့ပြေတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုးညွှန့်က မိမိတို့ဒေသတွင်၌ စားသုံးဆီဖူလုံမှုရှိစေရန် ရည်ရွယ်၍ ယခုလို စိုက်ပျိုးစေခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် အသိပညာပေးပြောကြားခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဆီထွက်သီးနှံနေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင် (ပြန်/ဆက်)

ကျိုက်လတ်၌ မီးဘေးအန္တရာယ်ကင်းဝေးရေး အသိပညာပေး

ကျိုက်လတ် နိုဝင်ဘာ ၂၆

ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လူနေအိမ်များ၌ မီးလောင်နိုင်သည့် လောင်စာဆီများ သိုလှောင်ခြင်းမရှိစေရေး၊ လျှပ်စစ်မီးကြိုးဟောင်းများ၊ မိန်းခလုတ်ခုံများ၊ ဆွေးမြည့်ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးမပြုရန်၊ မီးသွေးမီးဖို၊ ထင်းမီးဖိုများ၌ အသုံးပြုပြီးသည်နှင့် စနစ်တကျ ငြိမ်းသတ်ထားရန်စသော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးခဲ့ကြောင်း သိရသည်။

လှိုင်မင်းအောင် (ပြန်/ဆက်)

အိမ်တွင်းသုံးရေ ချွေတာရေး

ရေမျိုးချိန်နှင့် နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ် အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။





အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက် ဆေးကြောထားသော ရေများ။ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

သုံးရေချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံစုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့် စနစ်များကို ကြိုဆောင်ရွက်ပါ။





သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျှော့နည်း စေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ၂၀၂၇ ပညာသင်နှစ် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် ဝင်ခွင့်ထပ်မံလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

(က) ဆေးပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
၁။	ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) M.Med.Sc(Anatomy)	၂ နှစ်
၂။	ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) M.Med.Sc(Physiology)	၂ နှစ်
၃။	ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) M.Med.Sc(Pharmacology)	၂ နှစ်
၄။	ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ) M.Med.Sc(Clinical Biochemistry)	၃ နှစ်
၅။	ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) M.Med.Sc(Microbiology)	၃ နှစ်
၆။	ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) M.Med.Sc(Medical Jurisprudence)	၃ နှစ်

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမိဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံဝန်ထမ်း ဖြစ်ရမည်။

(မှတ်ချက်- **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ၊အဏုဇီဝဗေဒ၊ဆေးဝါးဗေဒနှင့်ဥပဒေရေးရာဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် ဆေးပညာမဟာသိပ္ပံသင်တန်းများ အတွက် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၃-၁၂-၂၀၂၆)ရက် (ကြာသပတေးနေ့)** ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ဌေးသွင်းချလန်မှုရင်းနှီးတက္ကသိုလ် (၁)ရန်ကုန်ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၄-၁၂-၂၀၂၆)ရက် (တနင်္လာနေ့)** ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့် စာမေးပွဲကြေး-၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) ကို ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ မြန်မာ့ဆီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(မှတ်ချက်။) မြို့နယ်မြန်မာ့ဆီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့ဆီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပတွဲ့လွန် သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်း တက်ရောက် အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံတာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနမှ၊ ဖုန်းနံပါတ် (၀၁-စဉ်၇၀၉၃၈၊ ၀၁-စ၃၈၂၄၅၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ Website: https://www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

ဇောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/5647 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ (ဖြည့်စွက်ရန်ပုံငွေ)ဖြင့် မအူပင်ခရိုင်၊ ဓနဖြူမြို့နယ်၊ တမြာလျွပ်စစ်ဖြစ်ရေတင်လုပ်ငန်းတွင် နေရောင်ခြည်စွမ်းအင်သုံး Solar Pannel((198 kW) တပ်ဆင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါလျှောက်လွှာ - (၃၀-၁၁-၂၀၂၆) ရက်မှ
ရောင်းချမည့်ရက် (၃-၁၂-၂၀၂၆) ရက်ထိ
တင်ဒါလျှောက်လွှာ - (၇.၁၂.၂၀၂၆)ရက် ညနေ(၄:၀၀) နာရီ
နောက်ဆုံးတင်သွင်းရမည့်ရက်
တင်ဒါဖွင့်လှစ်မည့်ရက် - (၁၁-၁၂-၂၀၂၆)ရက်၊ဓနဖြူ(၁၀:၀၀)နာရီ

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

09-789441962 ၊ 09-787926954

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဧရာဝတီတိုင်းဒေသကြီး

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

JFE MYANMAR Coated Steel Co., Ltd

တင်ဒါအမှတ် ၂/၂၀၂၆-၂၀၂၇

JFE MYANMAR Coated Steel Co.,Ltdမှထုတ်လုပ်မှုတင်အသုံးပြု၍မရတော့သည် Aluminium-Zinc coated Steel coilအလိပ်သေးများအား မှက်မြင်အခြေအနေအတိုင်းရောင်းချခြင်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါဖိတ်ခေါ်အပ်ပါသည်။

Pup Coils(Alu-Zinc Coated) Steel Coils	:	၉၉.၅၈၀တန်(အလိပ်သေး ၃၀၀kg အောက်)
တင်ဒါအဆိုပြုလွှာနောက်ဆုံး	:	၁၁ ဒီဇင်ဘာလ ၂၀၂၆
လက်ခံမည့်ရက်နှင့်အချိန်	:	မွန်းတည့် ၁၂:၀၀ တိတိ
တင်ဒါဖွင့်ရက်နှင့်အချိန်	:	၁၅ ဒီဇင်ဘာလ၂၀၂၆ မွန်းလွဲ၁၄:၀၀တိတိ
တင်ဒါတင်သွင်းရမည့်နေရာနှင့်	:	JFE MYANMAR Coated Steel Co.,Ltd
တင်ဒါဖွင့်ရမည့်နေရာ		အမှတ်BC 1,သီလဝါအထူးစီးပွားရေးဇုန် B, သန်လျက်မြို့နယ်

တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို JFE MYANMAR Coated Steelကမှဆက်ဆံရေးတွင် (၂၇ နိုဝင်ဘာ၂၀၂၆)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၉-၉၇၇၄၃၆၄၁ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

JFE MYANMAR Coated Steel Co.,Ltd

ဖုန်း-၀၉-၉၇၇၄၃၆၄၁

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသိရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်ရိုးမြေကွက်အမှတ် (၀-၇၀) ကို အမည်ပေါက် ဒေါ်တင်ရီ (၁၁) ဦးထွန်းကြိုင် ၉/ပမန(နိုင်)၀၇၇၁၃၅၅၉ (ကွယ်လွန်)၏ အမွေခံ ညီမဖြစ်သူ ဒေါ်အုန်းဖြိုင် (၁၁) ဦးထွန်းကြိုင် ၉/ပမန(နိုင်)၀၇၇၁၃၅၅၉ မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချုထားပေးပါရန် အမည်ပေါက်၏ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ မြေပေးမိန့် (မူရင်း) မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

၁၈ွိဇာသိရိမြို့၊ ၁၈ွိဇာသိရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/၁၈ွိဇာသိရိတောင်ရပ်)၊ မြေကွက်အမှတ် (၁-၃၁၇၄၇၊ ၁-၃၁၇၄၈၊ ၁-၃၁၇၄၉၊ ၁-၃၁၇၅၀)၊ မြေဧရိယာ (၀.၆၅၅) ကောရို ဦးအားရုံး (၁၁) ဦးပေါက်ဆိုင်း ၁၃/လရန(နိုင်)၀၈၉၆၆၁၁ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးအားရုံးမှ ဒေါ်ဝင်းသီတာထွေး (၁၁) ဦးချန်ကျို ၁၂/လရန(နိုင်) ၁၅၄၉၉၉၈၊ ဒေါ်မွေးခင် (၁၁) ဦးကွေကြီး ၁၃/မဆတ(နိုင်)၀၉၁၆၇၉ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ဓိဇ္ဇိလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၄/ဆိုင်းတန်း၊ ဦးပိုင်အမှတ်၊ ၂၀၊ မြေကွက်အမှတ် ၀၀/၁၅၉၉၊ ဧရိယာ ၀.၀၃၉၈ကေရို မြေကွက်သည် ဒေါ်ညိန်းတင်(၁)ဒေါ်ငြိမ်းတင် အမည်ဖြင့် ၂၃-၈-၂၀၁၄ ရက်အထိ (၁၀) နှစ် မြေငှားဂရန်ရရှိထားပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ညိန်းတင်(၁) ဒေါ်ငြိမ်းတင်နှင့် ဦးသိန်းအောင် တို့သည် တရားဝင်စနစ်ဖေါ်ထုန်းများဖြစ်ကြပြီး အသီးသီးကွယ်လွန်သွားကြပြီဖြစ်ပါသည်။ အမွေဆက်ခံကျန်ရှိသူများဖြစ်သည့် ဦးသန်းထွဋ်၊ ဦးခင်ထွဋ်၊ ဦးဘုန်းထွဋ်၊ ဒေါ်မြိုမွဲအောင်တို့မှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ပာကြေညာစာချုပ် ချုပ်ဆိုပြီး မြေငှားဂရန်အသစ် လျှောက်လားလာပါသည်။ အဆိုပါ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိဇ္ဇိလာခရိုင်

(လေလံခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ လမ်းအမှတ် ၆၀ လမ်း/၂၂လမ်းနှင့် ၂၃လမ်းကြားရှိ အနှံပ်တော်ရပ်ကွက်၊ ဦးနိုင်ထွန်းလင်း အမည်ပေါက် ကွင်းအမှတ် - ၄၁၇ ဦးပိုင်အမှတ် - ၈၈၃၊ ၈၈၀၊ ၈၉-၌ (၀၆ x ၄၀၀) အကျယ်ရှိ မြေနေရာအား မြန်မာကျပ်ငွေဖြင့် လေလံတင် ရောင်းချလိုပါသည်။

လေလံပုံစံစတင်ရောင်းချမည့်ရက်	-	၁-၁၂-၂၀၂၆ ရက်
လေလံအဆိုပြုလွှာလက်ခံ	-	၁၆-၁၂-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)
ဖွင့်ဖောက်မည့်ရက်နှင့်အချိန်		မွန်းလွဲ (၂:၀၀) နာရီ
လေလံပုံစံစတင်ရောင်းချမည့်နေရာ	-	လေလံကော်မတီရုံး၊ ယခင် Sky Villa အဆောက်အအုံ နေရာ၊ လမ်း ၆၀ ၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြား၊ ရေစစ်ကန်အရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

၂။ လေလံပုံစံနှင့် စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်အချိန် (နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီ) အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၀၉-၉၆၂၅၂၃၃၀) (၀၉-၄၅၂၃၃၄) တို့ ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံကော်မတီ

ဒေါ်သက်သက်ခိုင်နှင့် Sky Villa ကွန်ဒိုအခန်းပိုင်ရှင်များ၏

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မိုး (LL.B)

တရားလွှတ်တော်ရှေ့နေ စဉ်- ၁၁၁၆၄(၃၀-၈-၂၀၁၆)

၇၉ လမ်း၊ ၃၄x၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊

ဖုန်း-၀၉-၄၀၂၅၇၆၃၁၇

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၅ နည်းဥပဒေ ၂၀)

လသာမြို့နယ်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၆

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် (၁) ဦးကျော်ခိုင်

(ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ) (၂) ဒေါ်ခိုင်ခိုင်ထွန်း

(ငင်းဘဏ်ကိုယ်စား-ဦးအောင်ဇော်မြိုင်-Vice President)

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ သာယံနိုးကျွန်းမြို့နယ်၊ ဆ/တရင်ကွက်၊ သမဒါ(၁) လမ်း၊ အမှတ် (၉) နေ (၁)တရားပြိုင်ဖြစ်သော ဦးကျော်ခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ(၁)လမ်း၊ အမှတ် (၅၄၂) နေ (၂) တရားပြိုင်ဖြစ်သူ ဒေါ်ခိုင်ခိုင်ထွန်း (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို့မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်(ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ)၊ ၎င်းကိုယ်စား ဦးအောင် ခေါ်မြိုင်း (Vice President)က အကြွေးဝယ်ကတ် (Credit Card) သုံးစွဲခဲ့ခြင်းအတွက် ကြွေးကျန်ငွေကျပ် (၆,၆၄၇,၃၂၈.၃၁/-) (ငွေကျပ်ခြောက်သောင်းဆယ့်ခြောက်သိန်းလေးသောင်း ခုနှစ်ထောင်သုံးရာနှစ်ဆယ့်ရှစ်ကျပ်နှင့် သုံးဆယ့်တစ်ပြားတိတိ) ရလိမ့်မည့်လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်)ရက် မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူတို့သည် တရားလို၏ အဆိုလွှာကို ထူချေရှုင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏/မျက်ကွယ်၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစုံသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးမိုမိုနိုင်)

ဒုတိယမြို့နယ်တရားသူကြီး

လသာမြို့နယ်တရားရုံး

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ မြို့မကွက်သစ်မူလွန်ကျောင်း Grade-1 မှ (၁၁) ဦးရဲမင်းကျော်၏သား မောင်ဘုန်းခန့်ကျော်ထားမောင်ဇေယျထက်ပဲ အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇေယျထက်

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ သက္ကယ်သောင်အုပ်စု၊ သောင်လေးကျေးရွာ၊ အလဂ (ခွဲ) သောင်လေးကျောင်း Grade-7 တွင် ပညာသင်ကြားနေသော မဝေဝေလွင်၏ ဖခင်အမည် မှန်မှာ ဦးကျော်ကျော်ဦး ခ/ဘအနု (နိုင်) ၅၄၅၉၇၄ ဖြစ်ပါကြောင်း။

ဦးကျော်ကျော်ဦး

ဗောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8454 ၏ဖောင်းကြွန်ပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှေသာကြီး)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အတွင်းရှိ City Loft တိုက်ခန်း (1Bedroom)၊ တိုက်အမှတ် CL - 11 (Room No - 414)၊ စတုတ္ထထပ်၊ ၄ လွှာပု ခေါ်တွင်သော အကျယ်အဝန်း (၄၈၄) စတုရန်းပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်လက်ဝယ်ထားရှိကာ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်သော်ကေသာ (စ/ပဒက(နိုင်) ၂၅၈ ၅၈၉) ထံမှ ကျွန်မ ဒေါ်သက်သက်အောင် [၁/သကတ(နိုင်)၁၄၇၈၃] က အပြီး အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤ City Loft တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း တိကျစိုင်လုံသော သက်သေအထောက်အထား၊ စာရွက်စာတမ်း၊ မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းတိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်သက်သက်အောင် (၁/သကတ(နိုင်)၁၄၇၈၃)

ဖုန်း-၀၉ - ၅၀၉၉၆၅၈

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ မြေတိုင်းအမှတ်(၁၆-F)၊ ဦးပိုင်အမှတ်(၆-က)၊ မြေဧရိယာ(၀.၀၅၂) ကေအကျယ်အဝန်းရှိ ဦးသောင်းလှ အမည်ပေါက် ထွက်ရှိထားသော ဖြိမ်မြဲကွက်နှင့် ၎င်းဖြိမ်မြဲကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံ(၁)လုံးအပါအဝင် အဆိုပါအိမ်နှင့်ဖြိမ်မြဲကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုသူများဖြစ်သော (၁)ဦးသောင်းလှ(၁၁) ဦးမောင်ခင် ဂ/ပခန(နိုင်)၁၀၆၇၆၄၊ (၂) ဒေါ်အေးအေး(၁၁) ဦးဘို ဂ/ပခန(နိုင်)၂၄၉၇၁၀ နှင့် (၃)ဒေါ်ခိုင်သန်းစင်(၁၁) ဦးသောင်းလှ ဂ/ပခန(နိုင်)၉၈၈၇၃ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်ခိုင် (၁၁) ဦးဌေးဝင်း ဂ/ပခန(နိုင်)၁၆၇၆၆၄ နှင့် (၃)ဒေါ်ခိုင်သန်းစင်(၁၁) ဦးသောင်းလှ ဂ/ပခန(နိုင်)၉၈၈၇၃ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်ခိုင် (၁၁) ဦးဌေးမောင် ဂ/ပခန(နိုင်)၅၆၆၆၂၉ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်သည့်သူရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေယျာဘုန်းမောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)

(အမှတ်(၄၃၃)၊ မော့တဂိ(၁၉)လမ်း၊ ပုဇွန်းစုရပ်ကွက်၊ ပဲခူးမြို့။) ဖုန်း-၀၉-၄၂၈၁၃၉၄၄၊ ၀၉-၄၄၉၀၀၃၄၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၇၄၅)ပေါတွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈၁)ထပ်တိုက်၏ ပထမထပ် (၂-ဌာ၁)(ခြေလှေးခန်း) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ဆိုင်သူ ကန်ထရိုက်တာထမေ့ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက် ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်းအောင် (၁၂/မဂန(နိုင်)၁၁၀၂၂၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စိုးဝင်း (၉/မရမ(နိုင်)၀၅၈၇၆၂)က အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည်ဟုတိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)

အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၆၁၀၃၉၉၈၈၊ ၀၉-၂၆၀၃၉၉၀၅

ကန့်ကွက်နိုင်ကြောင်း

ပဲခူးမြို့နယ်၊ ဥသာ(၂)ရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/မြေတိုင်းအမှတ် (၉)၊ ဦးပိုင်/မြေကွက်အမှတ်(၃၀၅)။ မြေဧရိယာ(၀.၁၁၀၀)ကေရှိမြေအား ဦးအောင်သူနိုင်မှ အမည်ပြောင်း မြေငှားဈေးရှင် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဈေးရှင် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသာ(၈)ရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/မြေတိုင်းအမှတ် (၂၇)၊ ဦးပိုင်/မြေကွက်အမှတ်(၈)၊ မြေဧရိယာ(၀.၁၁၀၀)ကေရှိမြေအား ဦးခင်မောင်ဦးမှ အမည်ပြောင်း မြေငှားဈေးရှင် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဈေးရှင် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကြာအင်းပုပ်၊ ကြာအင်းလမ်း၀နေ ဦးသူရကျော် (၁၀/မခန(နိုင်)၁၁၆၃၇၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့နယ်၊ စမ်းကြီးရုံကွက်၊ ရာဘာခြံလမ်း၊ နယ်မြေ(၂)၊ ကွင်းအမှတ်(၆၀၆)၊ ကွင်းအမည်- အုတ်ဖိုကွင်း၊ ဦးပိုင်အမှတ် (၇၁/၆)၊ မြေအမျိုးအစား- လ/ခ (၃၉)၊ မြေယိုနံစီယာ ပေ(၄၄၂၅၀)ရှိ ဖြိမ်မြေကွက်နှင့် ယင်းဖြိမ်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မွတ်ပုံတင်အမှတ်(၁၀/မဝန(နိုင်) ၁၆၃၀၆၉)ဒေါ်တင်ဇာအောင် (ဘ/ဦးတင်အောင်)မှ လက်ရှိထားပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသဖြင့် ဦးအောင်လင်းထိုက်မှ ဝယ်ယူ၍ စရန်ငွေပေးချေထားခဲ့ပြီး အရောင်းအဝယ် မွတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မွတ်ပုံတင်ရုံးတွင် မြေပုံမြေရာဇဝင် ကူးယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း တိကျစိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်မှတ်ပုံတင်ခြင်း၊ အပည်ပြောင်းပြုလုပ်ခြင်းများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဦးသူရကျော်

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မွဲမွဲးအေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်အမှတ်-၁၁၃၀၆)
မော်လမြိုင်ရှေ့နေများအသင်းရုံးခန်း၊ ရုံးကြီးဝင်း၊
မော်လမြိုင်မြို့၊ ဖုန်း- ၀၉-၄၀၂၅၅၈၄၇

အများသိစေရန် ကြေညာခြင်း

ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၂/၁၀၅)-က)နေသူ ဦးဘိုဘိုဇော် (၁၁)ဦးခင်ဇော် ဂ/ပမန(နိုင်) ၁၄၃၄၉၃ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဘိုဘိုဇော်နှင့် ဒေါ်ခင်ဇော်သန်း (၁၁)ဦးအောင်ဟန် ဂ/ပမန(နိုင်)၁၂၄၉၈၅ တို့သည် ၂၀၀၀ ပြည့်နှစ်တွင် လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ မကျူးကျူးဟန်ဇော်သမီး(၁)ဦး မွေးဖွားခဲ့ပါသည်။ လက်ထပ်ပေါင်းသင်းစဉ် ပျဉ်းမနားမြို့ ရွာကောက်ရုံကွက်၊ ပေါင်းလောင်းရုံ၊ (၁၆)လမ်း၊ အိမ်အမှတ် (၁၅/၁၀၄၂) တည်ရှိရာအိမ်ပိုင်းခြံမြေကွက်၊ Totyota Avanza အမျိုးအစား မော်တော်ယာဉ်အမှတ်-9Q/5470 ယာဉ်၊ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်၊ (၉)လမ်း၊ အိမ်အမှတ် (၂/၆၀)၊ (၁၀၈၅)ပေ ကျယ်ဝန်းသောမြေကွက်နှင့်အိမ်၊ ဥဇ္ဈာရသိရိမြို့၊ မင်းကုန်းကျေးရွာ နယ်နိမိတ်အတွင်းရှိ ပေ(၄၀၄၆၀) ကျယ်ဝန်းသော မြေကွက် အမှတ်(၃၁၁/၄၁၉၁)၊ ဧရိယာသိရိမြို့၊ ဧရယာသိဒ္ဓိရုပ်ကွက်၊ မြို့ဧရိယာ၊ ဧရုးရုံအမှတ် (A)ရုံ၊ ဆိုင်ခန်းအမှတ် (၂၇)၊ (၂၀)နှင့် "နန်းသစ်" အထည်ဆိုင်နှင့် "နန်းစင်"ရွှေဆိုင် ရင်းနှီးမြှုပ်နှံငွေတို့ကို လင်မယားနှစ်ဦးပိုင်ဆိုင်အဖြစ် ခွဲဝေပေးပါရန် (၁၇-၁၁-၂၀၂၆)ရက်တွင် ပျဉ်းမနားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၉/၂၀၂၆ ဖြင့် ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ခွဲဝေပေးစေလိုမှုအား စွဲဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါပစ္စည်းအရပ်ရပ်အား ဦးဘိုဘိုဇော်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ အခြားတစ်ပါးသို့ လွဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း စသည်မည်သည့်ပြုလုပ်မှုကိုမျှ တရားမကြီးမှုအမှတ်-၆၉/၂၀၂၆ ၏ အဓိန့်ချမှုမတိမီ လွဲပြောင်းခြင်းအရပ်ရပ်အတွက် ရောင်းများ/ဝယ်များဖြစ်ရန် ကြေညာအပ် ပါသည်။

ဦးဘိုဘိုဇော်၏လွှဲအပ်ချက်အရ-

ဦးမျိုးသန့် (LL.B)၊ တရားလွှတ်တော်ရှေ့နေ

အမှတ်(၁၀/၉၂)၊ သစ်လင်း၊ ရွာကောက်ရုံကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊

ဖုန်း-၀၉-၄၃၀၈၀၅၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/8509 ယာဉ်လက်ဝယ်ရှိသူ ဦးဘွဲ့တလိန်း ၄/ထတလ(နိုင်)၀၄၈၅၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ဒေါ်ချစ်ပြည်နယ်ရုံး (ဟားခါး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/75074, Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေရွှေညဝင်း ၉/အမစ(နိုင်) ၀၇၉၅၅၆ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

ဖောင်းကြွန်ပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/7607 (SKAT) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်နိုင် (၅)/ကလထ (နိုင်)၁၄၉၁၇၂ က ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေး)

ပြည်မြို့၊ လေးဆူဇာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသက်ရှိကယ်ဂျုံရန် တင်ဒါခေါ်ယူခြင်း

၁။ ပြည်မြို့၊ လေးဆူဇာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသက်ရှိကယ်ဂျုံ ပူဇော်ရေး အတွက် (၂)ကျပ်သားရှိ (၉"-၉") ဟတ်လည် ရွှေစင် ရွှေပြားဝတ်၊ ရွှေပြားကပ်လုပ်ငန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသူများအနေဖြင့် လျှောက်လွှာတင်သွင်း ဆောင်ရွက်သွားနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က)	တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/ အချိန်	- (၂၇-၁၁-၂၀၂၆)ရက်မှ (၃-၁-၂၀၂၆)ရက်အထိ နံနက်(၉:၀၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ
(ခ)	တင်ဒါတင်သွင်းရမည့် နေ့ကာရုံးရက် / အချိန်	- (၇-၁-၂၀၂၆)ရက် (တနင်္လာနေ့) ညနေ(၁၆:၃၀)နာရီအထိ
(ဂ)	တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်	- (၁၀-၁၂-၂၀၂၆) ရက် (ကြာသပတေးနေ့) နံနက် (၁၀:၀၀) နာရီ
(ဃ)	တင်ဒါလျှောက်လွှာ ရောင်းချမည့်/ ဖွင့်လှစ်မည့်နေရာ	- ဂေါပကအဖွဲ့ရုံး (အောက်ရုံး) ရင်ပြင်တော်ဂေါပက (အပေါ်ရုံး) ရွှေဆံတော်စေတီတော်

၂။ အသေးစိတ်သိလိုသော အချက်များရှိပါက ဂေါပကအဖွဲ့ (အောက်ရုံး) ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ဖုန်း-၀၉-၅၀၂၆၆၆၅၅၊ ၀၉-၅၁၂၆၀၆၂၊ ၀၉-၅၁၂၆၀၆၃ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
လေးဆူဇာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး

ပြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး၌ပဒေသအမိန့် ၅၅ နည်း၃၂ပဒေ ၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄၂

ဒေါ်စေမာ	နှင့်	ဦးစံသိန်း
တရားလို		တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၂၁)ရပ်ကွက်၊ ၆၃ လမ်း၊ ၁၃၅လမ်းနှင့် ၁၃၆ လမ်းကြားနေ ဦးစံသိန်း (၁၈) ဦးချစ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စေမာက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အကွက်အမှတ်(၂၈ - ၄)၊ ဦးပိုင်အမှတ်(၅၇) ။ ဧရိယာ(၀.၀၅၅)ကေအကျယ်အဝန်းရှိ ဦးစံသိန်း အမည်ပေါက်ရန်နေမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြာဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်) ဖွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို တုဝေျရင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်နှာကို တွင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုဝေျတင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်းအစစ်ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလာကိုတင် ထည့်သပ်လိုက်ရမည်။ သင်က ထုဝေျလွှာ တင်သွင်းလိုလျှင် အမှုဆိုင်ခဲ့ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းမှူး)
တွဲမက်မြို့နယ်တရားသူကြီး (၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

